မြကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ သောကြာနေ့ (24-2-2012) (၇၀၄၅)

ဒို့တာဝန် အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘူတန်နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ လီအွန်ပို ကင်ဇန်ဒိုဂျီ ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဘူတန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ လီအွန်ပို ကင်ဇန်ဒိုဂျီ ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း လူမှုစီးပွားဘဝ အဆင့်အတန်းမြင့်မားသောဒေသဖြစ်လာအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် လားရှိုးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် သိန်းနီမြို့သို့ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့အတူ ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာအကအဖွဲ့က ရိုးရာအကများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သိန်းနီမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပသော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ခမ်းသိမ်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က ဒေသလိုအပ်ချက်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ၁၅-၁၂-၂၀၁၁ ရက်က လာရောက်ခဲ့သည့် ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဦးခင်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသခံတောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာသီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်ရရှိကြ၍ ကျေနပ်

ဝမ်းမြောက်ပြီး အကျိုးကျေးဇူးခံစားရရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက အသေးစားငွေစုငွေချေးဥပဒေနှင့်အညီ ချေးငွေများ ထုတ်ပေးသွားမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သိန်းနီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၃၀)အတွက် ဆိုလာမီးအိမ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်ငါးခုကို ပေးအပ်လှူဒါန်းရာ ဒေသခံယဉ်ကျေးမှုအဖွဲ့များက လက်ခံကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ၊ သမဝါယမဘဏ်ဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၄-၂-၂၀၁၂[သောကြာနေ့]။

ပန်းတိုင်သို့ လှမ်းကိုင်ဖို့

လူတစ်ဦးချင်းစီ၌ ပိုင်ဆိုင်လိုသောဘဝရှိသည်။ ရောက်ရှိလိုသောနေရာရှိသည်။ ပိုင်ဆိုင်လိုသောဘဝ ရောက်ရှိလိုသောနေရာသည် ရည်မှန်းချက် ပန်းတိုင်ဖြစ်သည်။ မည်သူမဆို ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးစားအားစိုက်နေကြ၏။ သို့သော် ရည်မှန်းချက်ရောက် ခရီးပေါက်သွားကြသူများရှိသကဲ့သို့ ရည်မှန်းချက်ပျောက် ခရီးမရောက်ကြသူများလည်းရှိနေသည်။ အားစိုက်မှုထက်သန်သူများက ရည်မှန်းချက်ပန်းတိုင်ရောက်သွားကြသည်။ အားစိုက်မှုလျော့ရဲသူများက ရည်မှန်းချက်ပန်းတိုင်ပျောက်သွားကြရလေသည်။

အားစိုက်မှုကြောင့်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုရှိခြင်း၊ မရှိခြင်းသည် ပန်းတိုင်ရောက်ခြင်း၊ မရောက်ခြင်း၏ အကြောင်းရင်းဖြစ်နေသည်။ အကျိုးသက်ရောက်မှုရှိသော အားစိုက်မှုမျိုးဖြစ်ရန် လိုအပ်ပါသည်။ အားစိုက်နေလင့်ကစား တစ်စုံတစ်ရာသောအကျိုးသက်ရောက်မှုမရှိပါက အချည်းနှီးသာဖြစ်နေမည်။

ဥပမာအားဖြင့် လူတစ်ယောက်သည် အလွန်အမင်းကြီးမားလေးလံလှသော ကျောက်တုံးကြီးကို အားကုန်သုံးပြီး တွန်းရွှေ့နေသည်ဖြစ်အံ့။ ထိုသူသည် ကျောက်တုံးကြီးရွှေ့လျားသွားအောင် အားစိုက်ပြီးတွန်းရွှေ့နေရသဖြင့် ချွေးသီးချွေးပေါက်များ စို့ရွှဲနေပေမည်။ အမြင်တွင်ကား ထိုသူသည် အင်မတန်ကြီးမားလေးလံလွန်းလှသော ကျောက်တုံးကြီးရွှေ့လျားသွားအောင် ပင်ပန်းကြီးစွာ အလုပ်လုပ်နေခြင်းဖြစ်ပါသည်။ သို့သော် ထိုကျောက်တုံးကြီးသည် တစ်ဆံခြည်စာမျှပင် မရွှေ့လျားဘဲရှိနေသည်ဖြစ်အံ့။ ရူပဗေဒသဘောအရ အလုပ်မဖြစ်ပေ။ အလုပ်မလုပ်ဟုသာ ကောက်ချက်ချရပေသည်။

ထိုသူစိုက်ထုတ်လိုက်ရသောအားသည် အကျိုးသက်ရောက်မှုမရှိနိုင်ဘဲ မရွှေ့မလျားဖြစ်နေသောကြောင့် အချည်းနှီးဖြစ်သွားသည်။ ပိုးသာကုန် မောင်ပုံစောင်းမတတ် ဆိုသောစကားအတိုင်း ဖြစ်ရလေတော့၏။ အကျိုးသက်ရောက်မှုမရှိလျှင် စိုက်ထုတ်လိုက်ရသောအားအတွက် နှမြောစရာကောင်းလှသည်။ ကုန်ဆုံးခဲ့ရသောအချိန်အတွက် အစားထိုးမရနိုင်တော့သည့် ဆုံးရှုံးမှုများဖြစ်သွားရသည်။ စိုက်ထုတ်လိုက်ရသောအားနှင့် အချိန်ကိုအလဟဿ ဖြုန်းတီးလိုက်ခြင်းသာ ဖြစ်ပေသည်။

ထိုကျောက်တုံးကြီးကို ဆံခြည်တစ်မျှင်စာမျှဖြစ်စေ၊ ထိုထက်မကဖြစ်စေ ရွှေ့လျားသွားအောင် တွန်းရွှေ့ပေးလိုက်နိုင်ပါအံ့။ ရူပဗေဒသဘောအရ အလုပ်ဖြစ်သွားသည်။ ထိုသူ အလုပ်လုပ်နေသည်ဟု ကောက်ချက်ချရသည်။ စိုက်ထုတ်အားကြောင့် ရွှေ့လျားသွားရခြင်းသည် အကျိုးသက်ရောက်မှုပင်ဖြစ်လေသည်။ ထိုအကျိုးသက်ရောက်မှုနှင့် ဆက်စပ်လျက် မည်မျှအထိအလုပ်လုပ်သည်၊ အလုပ်ဖြစ်သွားသည်ကိုပင် တွက်ချက်၍ ရနိုင်ပေသည်။ အတိုင်းအတာတစ်ခုအထိ အလုပ်လုပ်နေခြင်း၊ အလုပ်ဖြစ်နေခြင်းကြောင့် စိုက်ထုတ်လိုက်ရသောအားသည် အချည်းနှီးဖြစ်မသွားပေ။ အားစိုက်ဆောင်ရွက်နေစဉ် အချိန်ကာလသည်လည်း အလဟဿဖြစ်မသွားပေ။ စိုက်ထုတ်လိုက်ရသောအားနှင့် အချိန်ကိုတန်ဖိုးရှိစွာ အသုံးပြုလိုက်နိုင်ခြင်းဖြစ်ပေသည်။

ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင် ကြိုးစားအားစိုက်ကြရာတွင် ဝတ္ထုတစ်ခုပေါ်သို့ သက်ရောက်သောအားသည် ၎င်းဝတ္ထုကို ရွှေ့လျားစေခဲ့လျှင် အလုပ်လုပ်သည်ဟူသော ရူပဗေဒသဘောအဆိုကို နှလုံးမူကြရမည်ဖြစ်ပါသည်။ ပန်းတိုင်သို့ မရောက်မီကာလတွင် ဆင်ခြင်ဖွယ်ရာဖြစ်ပါသည်။ ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးစားအားစိုက်နေရဆဲ၌လည်း သတိပြုဖွယ်ရာ ဖြစ်ပါသည်။ ကြိုးစားအားစိုက်နေမှုသည် တစ်စုံတစ်ရာအတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိ၊ မရှိကို ဆန်းစစ်နေရပေမည်။ ။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်နိုင်ငံ ညှိအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်နိုင်ငံ Deputy Assistant Secretary of Defense Mr. Robert Newberry, Director of the Defense POW/Missing Personal Office (DPMO) သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၂၇၀	၀. ၀၃၂၉၇
တရုတ် (ယွမ်)	၆. ၂၉၉၄၀	၀. ၁၅၈၇၅
အိန္ဒိယ (ရူပီး)	၄၉. ၁၉၅၇	၀. ၀၂၀၃၃
မလေးရှား (ရင်းဂစ်)	၃. ၀၁၅၀၄	၀. ၃၃၁၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၆၀၅	၀. ၇၉၆၁၅
ဂျပန် (ယန်း)	၈၀. ၁၈၆၆	၀. ၀၁၂၄၇
တောင်ကိုရီးယား(ဝမ်)	၁၁၂၉. ၁၃	၀. ၀၀၀၈၉
ယူရို	၀. ၇၅၁၀၄	၁. ၃၃၁၅၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၈၆	၁. ၅၇၀၂၁

အင်တာနက်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ဂျပန်နိုင်ငံ ညှိအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား The Bank of Tokyo Mitsubishi UFJ, Ltd.မှ Managing Executive Officer Mr. Takashi Morisaki နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ် ဥက္ကဋ္ဌ၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံပြီး The Bank of Tokyo Mitsubishi UFJ, Ltd. နှင့် မြန်မာနိုင်ငံဘဏ်များအကြား ပိုမိုပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေးနှင့် The Bank of Tokyo Mitsubishi UFJ, Ltd.မှ မြန်မာဘဏ်များအား ကျွမ်းကျင်မှုနည်းပညာ အကူအညီပေးရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

JOURNEY 2: THE MYSTERIOUS ISLAND

စွန့်စားမှုအသားပေးနိုင်ငံခြားဇာတ်ကားသစ် ရုံတင်

ရုပ်ရှင်ကြည့်ပရိသတ်များ စိတ်ဝင်စားစေမည့် စွန့်စားမှုကို အသားပေးရိုက်ကူးထားသော JOURNEY 2: THE MYSTERIOUS ISLAND နိုင်ငံခြားဇာတ်ကားသစ်ကို ရန်ကုန်မြို့ရှိ ရှေ့ဆောင်ရုပ်ရှင်ရုံ၌ ဖေဖော်ဝါရီ ၂၄ ရက် (ယနေ့)တွင် ရုံတင်ပြသမည်ဖြစ်ပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသဆဲ အမွေဇယားဇာတ်ကား ဆက်လက် ရုံတင်ပြသသွားမည်ဖြစ်သည်။

JOURNEY 2: THE MYSTERIOUS ISLAND ဇာတ်ကားတွင် Sean Anderson (Jash Huteherson) သည် လျှို့ဝှက်သောကျွန်းတစ်ကျွန်းမှ Code သွင်းထားသော အချက်ပြမှုများ လက်ခံရရှိသောကြောင့် ထိုကျွန်းဆီသို့ ခရီးထွက်ရန် ပြင်ဆင်လေတော့သည်။ အဆိုပါ ကျွန်းတွင် ရွှေတောင်များ၊ အခြားထူးခြားဆန်းကြယ်သောအရာများနှင့် အန္တရာယ်ကြီးမားသော မီးတောင်များဖြင့် ပြည့်နှက်နေသည်ကို တွေ့ရသည်။

Sean Anderson သည် ထိုကျွန်းပေါ်တွင် ပျောက်ဆုံးနေသော ၎င်း၏အဘိုး Michael Caine ရှိမည်ဟု ယုံကြည်ထားသောကြောင့် သွားလိုသော ဆန္ဒပြင်းပြမှုကို တားမရနိုင်ဘဲ ပထွေးမှာ Sean ကို အဖော်လိုက်ပေးခဲ့သည်။ Sean တို့နှင့်အတူ ရဟတ်ယာဉ်မောင်းသူ Liuis Guzman နှင့် ၎င်း၏ သမီးချော Wanessa Hudgens တို့လည်း ပါဝင်သည်။ ဤသို့ဖြင့် Sean တို့လူစုမှာ ကျွန်းကို ရှာဖွေတွေ့ရှိရေးနှင့် ကျွန်းပေါ်တွင် တစ်ဦးတည်းနေထိုင်သူကို ကယ်ဆယ်ရေး လုပ်ဆောင်ရမည့်အပြင် ငလျင်ရေလှိုင်းဒဏ်ကြောင့် ကျွန်းကြီးမှာ ပင်လယ်ရေအောက်သို့ နစ်မြုပ်ခဲ့ရပြီး ထိုကျွန်းပေါ်ရှိ ရတနာပစ္စည်းများပါ ပျောက်ကွယ်သွားချိန် မတိုင်မီ လွတ်မြောက်နိုင်ရေးအတွက် ကြိုးစားကြပုံများကို ရိုက်ကူးထားသော စွန့်စားမှုအသားပေးအက်ရှင်ဇာတ်ကား တစ်ကား ဖြစ်သည်။

ရန်ကုန်မြို့ ဝဇီရာ၊ ရွှေမန်း၊ သီတာ၊ ဝဇီရာ(၂)ရုံများတွင် အချစ်ကွိုင် ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပြီး မော်တင်ဂျန်းရှင်းနှင့် မြရတနာရုံများတွင် အကယ်ဒမီသုံးဆုရ အာဒမ်ရယ် ဧဝရယ် ဒသရယ် ဇာတ်ကားကြီးကို ပြသမည်ဖြစ်ကြောင်း ရုပ်ရှင်ကြည့် ပရိသတ်များအတွက် ရေးသားတင်ပြလိုက်ပါသည်။



JOURNEY 2: THE MYSTERIOUS ISLAND ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

မန္တလာမင်း ယာဉ်လိုင်းတိုးချဲ့ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ ခရီးစဉ်သစ် ယာဉ်လိုင်းတိုးချဲ့ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်း အဝေးပြေးယာဉ်ရပ်နားစခန်း၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလှိုင်နှင့် မန္တလာမင်းယာဉ်အသင်းဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့အေးတို့က ခရီးစဉ်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးသည် ရန်ကုန်-နေပြည်တော်-မိတ္ထီလာ- ကျောက်ပန်းတောင်း -ပုဂံ/ညောင်ဦး-မန္တလေး-ပြင်ဦးလွင် ခရီးစဉ်များအပြင် တိုးချဲ့ခရီးစဉ်အဖြစ် ရန်ကုန်-မော်လမြိုင်/မုဒုံ၊ မော်လမြိုင်-နေပြည်တော်၊ မော်လမြိုင်-မန္တလေး ခရီးစဉ်များကို အဆင့်မြင့်အဲယားကွန်း လေအိတ်ကားသစ် အစီး ၇၀ ခန့်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်းနှင့် ရန်ကုန် ဖုန်း ၀၁-၆၃၆၈၀၀၊ ၆၃၇၃၃၇၊ ၇၀၀၁၉၄ နှင့် ၇၀၄၇၅၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် " EVER SUNNY INDUSTRIAL Co.,Ltd. (RICH COFFEEMIX)" ၏ ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာဇော်ဦး(စီးပွားရေးပညာရှင်)၊ ဒေါက်တာတင်မောင်သန်း(သင့်ဘဝ)နှင့် ဦးအောင်နိုင်ဦးတို့က "အကူးအပြောင်းဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ပြည်ထောင်စုလွှတ်တော်မှ

လုပ်ငန်းများအတွက် ပေးချေရမည့်ငွေများ ယခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပေးချေရမည့် ငွေများတောင်းခံခြင်း ဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် ဝန်ကြီးဌာနများက ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သုံးစွဲရမည်ဖြစ်ပြီး မသုံးစွဲဖြစ်ပါက ပြန်လည်အပ်နှံရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ကလည်း ငွေကြေးသုံးစွဲမှုများကို စာရင်းစစ်ဆေးသွားမည်ဖြစ်ပါကြောင်း။

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြီးခန့်မှန်းခြေတွင် ပါဝင်သည့် ငွေလုံးငွေရင်း အသုံးစရိတ် (၅၀) ဘီလီယံနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း ရေးဆွဲခဲ့စဉ်က နိုင်ငံတော်သမ္မတရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် မြင်းခြံ(နဘူးအိုင်) စက်မှုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန် ကျပ် (၅၀) ဘီလီယံလျာထားခဲ့ပါကြောင်း၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပေါ်ပေါက်လာချိန်တွင် အထက်ပါလုပ်ငန်းအား မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လွှဲပြောင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက တာဝန်ပေးအပ်ခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံးတွင် လျာထားခဲ့သည့် ငွေကျပ် (၅၀) ဘီလီယံအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလျာထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများလည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၁၁-၂၀၁၂ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် စက်မှုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားငွေကျပ် (၅၀) ဘီလီယံကို နိုင်ငံတော်သမ္မတရုံးဘတ်ဂျက်မှ လျှော့၍ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြီးဘတ်ဂျက်တွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအောက်တွင်ရှိသည့် လူမှုဖူလုံရေးအဖွဲ့ကို နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ထည့်သွင်းသတ်မှတ်ခဲ့မှုနှင့်ပတ်သက်၍ လူမှုဖူလုံရေးအဖွဲ့သည် ယခင် ၁၉၈၈ ခုနှစ် မတိုင်မီကတည်းက နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်တွင် ပါဝင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ လူမှုဖူလုံရေးဥပဒေမူကြမ်းအား ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ တင်ပြ ဆောင်ရွက်လျက်ရှိပါသဖြင့် လူမှုဖူလုံရေးဥပဒေသစ် ပြဋ္ဌာန်းပြီးပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ ထည့်ဝင်ငွေနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေဖြင့် လူမှုဖူလုံရေးရန်ပုံငွေ ထူထောင်ပြီး လူမှုဖူလုံရေးအဖွဲ့၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက်ရယူပြီး စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ကျန်းမာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ (၁ ဒသမ ၁) ရာခိုင်နှုန်းနှင့် ပညာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ (၃ ဒသမ ၅) ရာခိုင်နှုန်း ပါဝင်ခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေး အသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ (၃)ရာခိုင်နှုန်းနှင့် ပညာရေးအသုံးစရိတ်သည် (၅ ဒသမ ၀၄) ရာခိုင်နှုန်းအထိ တိုးမြှင့်လျာထားခဲ့ပါကြောင်း၊ လာမည့်နှစ်များတွင်လည်း ဆက်လက်၍ တိုးမြှင့်လျာထားပေးသွားမည် ဖြစ်ပါကြောင်း။

အခွန်အကောက်ရငွေအပိုင်းတွင် ၂၀၁၀-၂၀၁၁ ခုနှစ် အမှန်စာရင်းအရငွေကျပ် (၁၂၈၁ ဒသမ ၈၆၀) ဘီလီယံရရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင် ကျပ်(၁၀၉၉ ဒသမ ၃၃၆) ဘီလီယံလျာထားသဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ရငွေမှာ ယမန်နှစ်ကထက် ငွေကျပ် (၁၈၂ ဒသမ ၅၂၄) ဘီလီယံ လျော့နည်းရရှိမည်ဟုခန့်မှန်းပါကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်အပေါ် ကောက်ခံသည့်အခွန်ကို (၈)ရာခိုင်နှုန်းမှ (၅)ရာခိုင်နှုန်းသို့ လျှော့ပေါ့သက်သာခွင့်ပြုခြင်း၊ အချို့ပို့ကုန်အပေါ် အခွန်လုံးဝ ကင်းလွတ်သက်သာခွင့်ပြုခြင်း၊ နိုင်ငံခြားဝင်ငွေဖြင့် ရရှိသည့် လက်ခစားလုပ်ငန်း (CMP)နှင့် လစာမှဝင်ငွေတို့အပေါ် ကောက်ခံသော ဝင်ငွေခွန်ကိုလည်း (၁၀)ရာခိုင်နှုန်းမှ (၂)ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်း၊ တရားမဝင်ဆိုင်ကယ်စီမံချက် ဆောင်ရွက်မှုမရှိခြင်းနှင့် နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့မှ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ လျော့နည်းသွားခြင်းတို့ကြောင့် လျော့နည်းခန့်မှန်းရခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား(၅)တွင် ပါဝင်သည့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကောက်ခံရရှိမည့် အခွန်အကောက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်တွင်ထည့်သွင်းလျာထားခဲ့ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ယခင်နှစ် အမှန်ကောက်ခံရငွေထက် ပိုမိုကောက်ခံရရှိရေးအတွက် အခွန်လွတ်ကင်းတိမ်းရှောင်မှုများမရှိရေး၊ လုပ်ငန်းအမှန်ပမာဏထက် လျော့နည်းပေးဆောင်မှုမရှိစေရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများမှာ လိုငွေဘတ်ဂျက်များဖြင့်သာ အကောင်အထည်ဖော်ခဲ့ရသဖြင့် ယခုအခါ နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့်ငွေကြေးပေါ်လစီ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်ဘတ်ဂျက်ကုန်ထုတ်လုပ်မှုကို အထောက်အကူမပြုသော ရင်းနှီးမြှုပ်နှံမှု၊ အသုံးစရိတ်သုံးစွဲမှုများ မပြုလုပ်ရေးနှင့် ဝင်ငွေပိုင်းတွင် ရသင့်ရထိုက်သော အခွန်ဝင်ငွေများ အပြည့်အဝရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်လိုငွေများ တစ်ဆင့်ပြီးတစ်ဆင့်ကျဆင်းသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ဆွေးနွေးမှုပြီးဆုံးကြောင်း လွှတ်တော်က ကြေညာသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်နှင့် ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းတို့က ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်နှင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတို့က ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကို တင်သွင်းကြသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြသည်။

ဦးမောင်တိုး၏အဆိုနှင့်စပ်လျဉ်း၍ ယင်းကိစ္စသည် ဥပဒေရေးရာအငြင်းထွက်မှုဖြစ်သဖြင့် ယင်းအဆိုကို ဆိုင်းငံ့၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြန်လည်သုံးသပ်တင်ပြရန် လွှတ်တော်က ဆုံးဖြတ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းမှ ဖြည့်စွက်ရန်ပုံငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်၍ ရယူသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

“ဥပဒေကြမ်း၏ အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုနှင့်ပတ်သက်၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုသည်။

“ဥပဒေကြမ်း၏ အခန်း(၁)၊ အပိုဒ် ၁၊ အခန်း(၂)၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုနှင့်ပတ်သက်၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ အခန်း (၁)၊ အပိုဒ် ၁၊ အခန်း(၂)၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းမှ နိုင်ငံတော်သမ္မတရုံးနှင့် ပတ်သက်သည့် ပြင်ဆင်ချက်အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ဆန္ဒကိုရယူရာ ကန့်ကွက်မဲများသည့်အတွက် ယင်းပြင်ဆင်ချက်အဆို ပျက်ပြယ်ကြောင်း ကြေညာသည်။

ထို့နောက် **“ဗဟိုအဖွဲ့အစည်းများဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ နောက်ထပ်ခွင့်ပြုသည့် သာမန်သုံးငွေ ကျပ်သန်းပေါင်း ၈၁၇ ဒသမ ၁၇၀၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁၇၇၅၀၃ ဒသမ ၂၆၃ ပါဝင်သည့် ဇယား(၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်”**အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ ဇယား(၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ **“ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာ၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ သာသနာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ အလုပ်သမား၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ သတ္တုတွင်း၊ စွမ်းအင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ သမဝါယမ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးနှင့်အခွန်၊ ပြည်ထောင်စုဝန်ကြီးဌာန(၂၆)ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုတို့အတွက် နောက်ထပ်ခွင့်ပြုသည့် သာမန်သုံးငွေ ကျပ်သန်းပေါင်း (၄၁၈၅၂၂ ဒသမ ၈၅၀)၊ အတိုးပေး ငွေကျပ်သန်းပေါင်း (၉၆၅၆ ဒသမ ၅၁၇)၊ ထောက်ပံ့ငွေကျပ်သန်းပေါင်း (၁၆၀၄၁၇ ဒသမ ၈၄၂)ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း (၄၇၀၅၆၀ ဒသမ ၉၈၃)နှင့် ချေးယူရငွေအတွက် ပေးဆပ်ငွေကျပ်သန်းပေါင်း(၄ ဒသမ ၉၈၃) တို့ပါဝင်သည့် ဇယား(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်”**အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ ဇယား(၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

“နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ နောက်ထပ်ခွင့်ပြုသည့် သာမန်သုံးငွေကျပ်သန်းပေါင်း (၆၀၀)ပါဝင်သည့် ဇယား(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်”အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ ဇယား(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားပြီး အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေး၌ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အစားထိုး တာဝန်ပေးအပ်ခြင်း၊ အဆို(၂)ခုတင်သွင်းခြင်းမှ အဆို(၁)ခုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခြင်း၊ အဆို(၁)ခုကို အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်း၊ ပြင်ဆင်ချက်အဆို(၂)ခုတင်သွင်းခြင်းမှ အဆိုတစ်ခုကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်သုံးသပ်တင်ပြရန် ဆုံးဖြတ်ခြင်း၊ အဆိုတစ်ခုကို ပျက်ပြယ်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အောဝမ်းစိုး

ဂျက်စတင်ဘီဘာ၏ ဒုတိယမြောက်ဓာတ်ပုံစာအုပ်ထွက်ရှိမည်

ကမ္ဘာကျော် ဆယ်ကျော်သက်ပေါ့ပ် အဆိုတော် ဂျက်စတင်ဘီဘာ**(ယာပုံ)**၏ ဒုတိယမြောက်ဓာတ်ပုံစာအုပ် ထွက်ရှိမည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

ဂျေဘီ၏ ဒုတိယမြောက် ဓာတ်ပုံစာအုပ် Justin Bieber: Just Getting Started တွင် ၎င်း၏နာမည်ကျော် Never Say Never တေးသီချင်းကို ရုပ်ရှင်ရိုက်ကူးမှု အမှတ်တရပုံရိပ်များ၊ တေးအယ်လ်ဘမ်သစ် Believe ကို အသံသွင်းနေသည့် ပုံရိပ်များနှင့် ကမ္ဘာတစ်ဝန်း ဖျော်ဖြေပွဲပုံရိပ်များ ပါဝင်မည်ဖြစ်ကြောင်းနှင့် ယင်းဓာတ်ပုံစာအုပ်ကို စက်တင်ဘာလတွင် ကမ္ဘာတစ်ဝန်း ဖြန့်ချိရောင်းချသွားမည် ဖြစ်ကြောင်း ဟာပါကောလင်းစ် စာအုပ်ထုတ်ဝေရေးကုမ္ပဏီက ထုတ်ဖော်ပြောကြားသည်။

ဂျေဘီ၏ ပထမဓာတ်ပုံစာအုပ် First Step 2 Forever: My Story ကို ၂၀၁၀ ခုနှစ် အောက်တိုဘာတွင် ထုတ်ဝေခဲ့သည်။ ယင်းဓာတ်ပုံစာအုပ်ကို ဘာသာစကား ၂၅ မျိုးဖြင့် ပြန်ဆိုရေးသားကြပြီး အုပ်ရေတစ်သန်းကျော် ရောင်းချခဲ့ရသည်။

ဂျေဘီသည် ကမ္ဘာ့ပေါ့ပ်ဂီတလောကတွင် လွှမ်းမိုးနေသူတစ်ဦးဖြစ်ပြီး ၎င်း၏ ဒုတိယမြောက် ဓာတ်ပုံစာအုပ်ထုတ်ဝေရေးအတွက် မိမိတို့စိတ်လှုပ်ရှားလျက်ရှိကြောင်း ဟာပါကောလင်းစ် စာအုပ်ထုတ်ဝေရေးကုမ္ပဏီဥက္ကဋ္ဌက ပြောကြားသည်။ ***အင်တာနက်။***

❑ ကျောဖုံးမှ

လူမှုရေးပူးပေါင်းဆောင်ရွက်မှု အသိပညာ၊ အတတ်ပညာများကို ကျေးလက်နေတောင်သူလယ်သမား ပြည်သူများအား မျှဝေပေးရန်လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုပြဿနာများကို ဖြေရှင်းရန် သမဝါယမလုပ်ငန်းစုများနှင့် ထုတ်လုပ်သူအဖွဲ့အစည်းများသည် အဓိကမောင်းနှင်စွမ်းအားများအဖြစ် ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ စိန်ခေါ်မှုများစွာရင်ဆိုင်နေရသော ပြည်သူများကို ကူညီတုံ့ပြန်ရန် လိုအပ်ကြောင်း။

မြန်မာပြည်တစ်ဝန်းနေ့စား၊ ခေါင်းရွက်ဗျပ်ထိုးနှင့် အသေးစား၊ အလတ်စားမှအစ စီးပွားရေးလုပ်ငန်းကြီးများအထိ သမဝါယမစီးပွားရေးလုပ်ငန်းပေါင်းစုံ မြို့ပြနှင့် ကျေးလက်နယ်ပယ်အသီးသီးတွင် အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ မြန်မာ့သမဝါယမလုပ်ငန်းများတွင် အသင်းသား ၂ ဒသမ ၅ သန်းခန့် ပါဝင်လုပ်ကိုင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားကုန်ထုတ်လုပ်ရေး လုပ်ကိုင်သူများသည် မျိုးစေ့၊ မြေသြဇာ၊ တိရစ္ဆာန်အစာအစာ၊ ငါးဖမ်းကိရိယာကဲ့သို့ အဓိကသွင်းအားစုများကို ဈေးနှုန်းချိုသာစွာဖြင့် ညှိနှိုင်းပံ့ပိုးပေးနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း။

ထိုသို့ အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ရန် နိုင်ငံတော်အစိုးရက အတည်ပြုထုတ်ပြန်ခဲ့သည့် အသေးစားငွေစုငွေချေး သမဝါယမအသင်းများ၊ အများပိုင်ငွေစုငွေချေးကုမ္ပဏီကြီးများ ဖွဲ့စည်းတည်ထောင်ကာ နိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုး တိုးပွားလာစေရေးတာဝန်ရှိသည့် ပြည်သူ့ဝန်ထမ်းများနှင့် သမဝါယမလုပ်ငန်းအစုစုကို အကောင်အထည်ဖော်နေသူများအား ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းပေးကာ သမဝါယမလှုပ်ရှားမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်စီးပွားရေးစီမံကိန်း၏ မူဝါဒရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်သူအဖွဲ့အစည်းများ၊ သမဝါယမအသင်း၊ အစုအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ယှက်နွယ်ပေါင်းစည်းကာ တည်ဆောက်မှုခိုင်မာတောင့်တင်းလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစည်းအဝေးတက်ရောက်လာသူများက စိုက်ပျိုးရေးကဏ္ဍတွင် ရိုးရာစိုက်ပျိုးရေး နည်းပညာများကို ခေတ်မီနည်းပညာများပေါင်းစပ်၍ ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းခြင်းဖြင့် လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းရင်း ခေတ်မီ နည်းစနစ်များဖြင့် အထောက်အကူပြု မွေးမြူဖမ်းဆီးနိုင်စေရေးအားလည်းကောင်း၊ ဈေးကွက်သတင်းအချက်အလက်များ၊ ရောင်းဝယ်ဖောက်ကားမှုအခွင့်အလမ်းများ၊ အရည်အသွေးမြင့်မားမှုနှင့် ထိန်းချုပ်မှုနည်းပညာရပ်များကို ကူညီပံ့ပိုးပေးနိုင်ရေးတို့အတွက် လည်းကောင်း အမြဲမပြတ် ထိတွေ့ကူညီ ပံ့ပိုးပေးရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာသမဝါယမနှစ်၏ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော သမဝါယမလူမှုစီးပွားလုပ်ငန်းများဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်အောင်တည်ဆောက်စို့ (Co-operative Enterprises build a Better World) ကို ဖော်ဆောင်ရန် မြန်မာနိုင်ငံတစ်ဝန်းအဖွဲ့အစည်း၊ အစုအဖွဲ့အချင်းချင်း အပြန်အလှန်အတူတကွ အကျိုးဖြစ်ထွန်းမှုရရှိစေမည့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များကို ကြိမ်ဖန်များစွာကျင့်သုံးရင်း အလေ့အထဖြစ်ကာ အခြားသော နယ်ပယ်အသီးသီးသို့ ကူးစက်ပျံ့နှံ့၍ ချမ်းသာကြွယ်ဝသော လူမှုစီးပွားဘဝများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲတက်ရောက်လာကြသည့် လားရှိုး၊ (၁၀၅)မိုင်စခန်း၊ မူဆယ်၊ တစ်ဖက်နိုင်ငံ ရွှေလီ၊ ကြယ်ခေါင်ဒေသမှ ပုလဲမြို့တော်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်သက်၊ မူဆယ်(၁၀၅)မိုင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးလှမောင်၊ ကျင်းလုံးသွင်းကုန် လုပ်ငန်းကုမ္ပဏီလီမိတက်မှ ဦးမင်းမင်း၊ ပြုံးကမ္ဘာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဦးထင်ကျော်တို့က ဒေသအတွင်း မြန်မာလုပ်ငန်းရှင်များ၊ ကုန်သည်များ မိမိနိုင်ငံနှင့် တစ်ဖက်နိုင်ငံကြား တွေ့ကြုံနေရသည့် အခက်အခဲများ၊ ကူညီဖြေရှင်းပေးစေလိုသော အကြောင်းအရင်းအဖြစ်အပျက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

တန်ဖိုးရှိလှ
လူ့ငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အသေခံဗုံးခွဲသမားများအဖြစ် အသုံးချခံရမည့် ကလေး ၄၁ ဦးကို အာဖဂန်ရဲတပ်ဖွဲ့ ကြားဖြတ်ထိန်းသိမ်း

ကဘူး ဖေဖော်ဝါရီ ၂၃

အကြမ်းဖက်သောင်းကျန်းသူများက အသေခံဗုံးခွဲသမားများအဖြစ် အသုံးချရန် စီစဉ်ထားသည်ဟု ယူဆရသည့် ကလေး ၄၁ ဦးကို အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ကြားဖြတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

အသက် ၆ နှစ်မှ ၁၁ နှစ်အကြား အဆိုပါကလေးများကို သောင်းကျန်းသူများက ပါကစ္စတန်နိုင်ငံ တောင်ကုန်းဒေသများသို့ ခိုးထုတ်ရန် ကြံစည်ထားဖွယ်ရှိကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏အဆိုအရ သိရသည်။

ဦးနှောက်ဆေးသိမ်းသွင်း၍ အသေခံဗုံးခွဲသမားများအဖြစ် လေ့ကျင့်မွေးထုတ်ရန် အကြမ်းဖက်သောင်းကျန်းသူများသည် အာဖဂန်ကလေးများကို ပါကစ္စတန်နိုင်ငံသို့ ခေါ်ဆောင်နေသည်ဟု မိမိတို့ယုံကြည်ထားကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သောင်းကျန်းသူများသည် ဆင်းရဲရိုးသားသော သာမန်အာဖဂန်ပြည်သူများကို လိမ်လည်လှည့်ဖြားကာ ၎င်းတို့၏ ရင်သွေးငယ်များအား ခေါ်ယူလျက်ရှိကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန် ချက်၌ ဖော်ပြထားသည်။

အထက်ဖော်ပြပါ ကလေး ၄၁ ဦးတို့ကို ကူနာပြည်နယ် ဝါတာပါးခရိုင်၌ အာဖဂန်ရဲတပ်ဖွဲ့က ကြားဖြတ်ထိန်းသိမ်း နိုင်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ၎င်းတို့၏ မိဘများထံ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

လန်ဒန်အိုလံပစ် အားကစားပွဲတော်အတွက် လုံခြုံရေးဆိုင်ရာလေ့ကျင့်မှု ပြုလုပ်မည်

လန်ဒန် ဖေဖော်ဝါရီ ၂၃

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်ရှိ အာဏာပိုင်များသည် အိုလံပစ်အားကစားပွဲတော်အတွက် လုံခြုံရေးတိုးတက်ကောင်းမွန်စေရန်ရည်ရွယ်လျက် ယခုရက်သတ္တပတ်အတွင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်မှုကြီးတစ်ရပ်ကို ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း မြို့တော်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

အိုလံပစ်အားကစားပွဲတော်နှင့် မသန်စွမ်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားပွဲတော်တို့ ကျင်းပချိန်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်းမရှိစေရန် လုံခြုံရေးဆိုင်ရာလေ့ကျင့်မှုကို ပြုလုပ်မည်ဖြစ်သည်။

မြို့တော်လန်ဒန်ရှိ သယ်ယူပို့ဆောင်ရေး ကွန်ရက်ကို အကြမ်းဖက်သမားက ပစ်မှတ်ထားတိုက်ခိုက်ပုံကို သဏ္ဌာန်လုပ်သရုပ်ဆောင်ကာလေ့ကျင့်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ၂၀၀၅ ခုနှစ် ဇူလိုင် ၇ ရက်က မြေအောက်ရထားစနစ်ကို အကြမ်းဖက်သမားများက တိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့ရာ ၅၂ ဦးသေဆုံးခဲ့ရသည်။ မြို့တော်လန်ဒန်သည် ၂၀၁၂ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု နိုင်ငံတကာအိုလံပစ်ကော်မတီက ထုတ်ပြန်ကြေညာခဲ့ပြီး တစ်ရက်အကြာတွင် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့သည်။

အင်တာနက်။

ရေခဲခေတ်မှ အပင်မျိုးစိတ် ပန်းပွင့်များ ပြန်လည်ပွင့်အာလာ

မော်စကို ဖေဖော်ဝါရီ ၂၃

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ မြေအောက်ရေခဲလွှာအတွင်း တွေ့ရှိခဲ့ရသော ရေခဲခေတ် ပန်းမျိုးစေ့ကို ရုရှားသိပ္ပံပညာရှင်များက ပြန်လည်စိုက်ပျိုးခဲ့ရာ ပန်းပွင့်များ ပြန်လည်ပွင့်အာလာပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။ **(ယာပုံ)**

သက်တမ်းနှစ် သုံးသောင်းကျော်ရှိသည့် အဆိုပါ ပန်းမျိုးစေ့ကို ဆိုက်ဘေးရီးယားဒေသ ကိုလီမာမြစ်ကမ်းနဖူး၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဆောင်းခိုရှဉ့်သတ္တဝါများက ရေခဲလွှာအောက်သို့ ယူဆောင်သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ရုက္ခဗေဒအမည်အားဖြင့် Silene Stenophylla ဟုခေါ်တွင်သည့် ယင်းပန်းမျိုးစေ့ကို ဆဲလ်ဇီဝရူပအင်စတီကျူမှ သိပ္ပံပညာရှင်များက အပင်အဖြစ် ပြန်လည်ပျိုးထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Silene Stenophylla မျိုးစေ့သည် အပင်အဖြစ် ပြန်လည်ပျိုးထောင်နိုင်ခဲ့သည့် ရှေးခေတ်မျိုးစေ့များအနက် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း ရုရှားအမျိုးသားသိပ္ပံအကယ်ဒမီက ပြောကြားခဲ့သည်။

ယင်းမျိုးစေ့၏ သက်တမ်းကို ရေဒီယိုကာဗွန်နည်းဖြင့် တိုင်းတာခဲ့ရာ နှစ်ပေါင်း၃၁၈၀၀ ရှိပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ယခင်က အပင်အဖြစ် ပြန်လည်အသက်သွင်းပေးနိုင်ခဲ့သော သက်တမ်းအရင့်ဆုံး မျိုးစိတ်မှာ အစ္စရေးနိုင်ငံ ပင်လယ်သေဒေသ အနီးတွေ့ရှိခဲ့ရသည့် ထန်းပင်မျိုးစေ့ဖြစ်ကြောင်း သိရသည်။

Silene Stenophylla မျိုးစေ့အား ရှာဖွေတွေ့ရှိခဲ့သည့် ကိုလီမာမြစ်ကမ်းနဖူး၌ ရှဉ့်များ၏ ဆောင်းခိုတွင်းပေါင်း ၇၀ ကို မြေအောက်အနက် မီတာ ၂၀ မှ ၄၀ အတွင်းတွေ့ရှိခဲ့ရကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ရှဉ့်များ၏ ဆောင်းခိုတွင်းများကို ရေခဲများ ဖုံးလွှမ်းခဲ့ခြင်းကြောင့် ယင်းတွင်းများအတွင်းရှိနေသော သစ်စေ့များသည် အမြဲမပြတ်အေးခဲခဲ့ရာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော်လည်း ယင်းသစ်စေ့များမှ အပင်မျိုးစိတ်သစ်များကို သိပ္ပံပညာရှင်များက ပြန်လည်ဖန်တီးနိုင်စွမ်းရှိသည်။

အင်တာနက်။

ဗျူနိုအေရီး၌ ခရီးသည်တင်ရထားတစ်စင်း မတော်တဆမှုဖြစ်ပွားသဖြင့် လူ ၅၀ သေဆုံး

ဗျူနိုအေရီ ဖေဖော်ဝါရီ ၂၃

အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေရီး၌ ဖေဖော်ဝါရီ ၂၂ ရက်က ရထားမတော်တဆမှုဖြစ်ပွားခဲ့ရာ လူ ၅၀ သေဆုံးပြီး ၆၇၅ ဦး ဒဏ်ရာရရှိကြောင်း၊ ရထားတွဲပျက်များအတွင်း ခရီးသည် အများအပြားမှာ နာရီပေါင်းအတန်ကြာမျှ ပိတ်မိနေခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ခရီးသည်များ အပြည့်လိုက်ပါလာသော ရထားတစ်စင်းသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရထားဘူတာရုံတစ်ရုံ၏ ခရီးသည်များ နားနေဆောင်အား ကာရံထားသော တံတိုင်းကို ဝင်တိုက်မိခဲ့သည်။

ရထားမတော်တဆမှုမှာ ဆိုးရွားပြင်းထန်လှကြောင်း ခရီးသည်တစ်ဦးက ဒေသဆိုင်ရာရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ သေဆုံးသူများအနက် ကလေးတစ်ဦးပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ၂၀၀ ခန့်မှာ ဒဏ်ရာပြင်းထန်ကြောင်း ဆေးဘက်ဆိုင်ရာအကူအညီပေးရေးလုပ်သားများက ပြောကြားကြသည်။

ထိခိုက်ဒဏ်ရာရရှိသူများ၏အမည်စာရင်းကို အာဏာပိုင်များက ထုတ်ပြန်ကြေညာပေးခဲ့သည်။ သို့ရာတွင် သေဆုံးသူများနှင့် ဒဏ်ရာရသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို အတည်ပြုပေးနိုင်ခြင်းမရှိပေ။

မြို့တော်ဗျူနိုအေရီဆင်ခြေဖုံးဒေသရှိ ဝန့်စ်အမည်ရှိ ဘူတာရုံသို့ ဆိုက်ရောက်လာချိန်တွင် ခရီးသည်တင်ရထား ဘရိတ်ပေါက်မှုဖြစ်ပွားရာမှ မတော်တဆမှုဖြစ်ပွားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အင်တာနက်။

ဗျူနိုအေရီဆင်ခြေဖုံး၌ ရထားမတော်တဆမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ချီလီနှင့်ပီရူးနယ်စပ် ခေတ္တပိတ်ထားရ

စန်တီယေကို ဖေဖော်ဝါရီ ၂၃

မိုးသည်းထန်စွာရွာသွန်း၍ ရေတိုက်စားမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ချီလီနှင့် ပီရူးနိုင်ငံနယ်စပ်၌ မြေမြှုပ်မိုင်းများ ပြန်လည်ပေါ်ထွက်လာခဲ့ရာ နှစ်နိုင်ငံနယ်စပ် အဓိကဝင်ပေါက်လမ်းကို ချီလီအာဏာပိုင်များက ပိတ်ထားခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

မြေမြှုပ်မိုင်းအရေအတွက် မည်မျှပေါ်ထွက်ခဲ့ရသည်ကို ချီလီအာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့သော်လည်း ချီလီစစ်ဘက် ဗုံးရှင်းလင်းရေးကျွမ်းကျင်သူများက အနည်းဆုံး မြေမြှုပ်မိုင်းလေးလုံးအား ဖယ်ရှားခဲ့ရကြောင်း သိရသည်။

၁၉၇၀ ခုနှစ်ကာလ ပီရူးနိုင်ငံနှင့်ဆက်ဆံရေးတင်းမာနေစဉ်အတွင်း ချီလီနိုင်ငံသည် ၎င်း၏ မြောက်ပိုင်းနယ်စပ်၌ တင့်ကားဖျက်မိုင်းနှင့် လူသတ်မိုင်း ထောင်ပေါင်းများစွာကို မြှုပ်နှံထားခဲ့သည်။

သို့ရာတွင် ယင်းမိုင်းများသည် မိုးရွာသွန်းမှုကြောင့် ရေစီးကြောင်းများနှင့်အတူ ပေါ်ထွက်စီးမျော၍ မြောက်ပိုင်း အမှတ်-၅ လမ်းမပေါ်ထိ ရောက်ရှိလာခဲ့ရာ လမ်းကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့ရကြောင်း ချီလီအာဏာပိုင်များက ပြောကြားသည်။

ဗုံးရှင်းလင်းရေး ကျွမ်းကျင်သူများသည် အမှတ်-၅ လမ်းမကို မြေမြှုပ်မိုင်းများအန္တရာယ်မှ ကင်းဝေးရေးအတွက် လုပ်ဆောင်ဆဲဖြစ်သော်လည်း မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် လမ်းပြန်ဖွင့်မည့်ကာလအား အသေအချာမပြောနိုင်သေးကြောင်း ချီလီတာဝန်ရှိသူတစ်ဦးအဆိုအရ သိရသည်။

ချီလီနိုင်ငံမြောက်ပိုင်းသည် ကမ္ဘာပေါ်၌ အခြောက်သွေ့ဆုံး ဒေသများထဲတွင် အပါအဝင်ဖြစ်ပြီး မိုးရွာသွန်းခဲ့လှသည်။

အင်တာနက်။

ကက်ရှ်မီးယားဒေသ၌ ဆီးနှင်းခဲများပြိုကျ အိန္ဒိယကြည်းတပ် တပ်ဖွဲ့ဝင် ၁၆ ဦးသေဆုံး

ဆရီနာဂါ ဖေဖော်ဝါရီ ၂၃

အိန္ဒိယနိုင်ငံက ထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ ဆီးနှင်းခဲများပြိုကျမှုဖြစ်ပွားရာ အိန္ဒိယကြည်းတပ် တပ်ဖွဲ့ဝင် ၁၆ ဦးထက်မနည်းသေဆုံးရကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ရှေ့တန်းနယ်မြေဖြစ်သော ဘန်ဒီပိုရာခရိုင် ဂူရက်ဇ်ကျေးရွာရှိ ကြည်းတပ်စခန်း၌ တောင်ပေါ်မှ ပြိုကျလာသော ဆီးနှင်းခဲများ ကျရောက်မှုကြောင့် တပ်ဖွဲ့ဝင်များ သေဆုံးရခြင်းဖြစ်သည်။ ယင်းဒေသသည် ဆရီနာဂါမြို့မြောက်ဘက် ၁၁၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ထိုစဉ်အတွင်း ဆရီနာဂါမြို့မြောက်ဘက် ၈၄ ကီလိုမီတာအကွာ ဂန်ဒါဘယခရိုင် ဘိုနာမက်မြို့ရှိ ကင်းစခန်းတစ်ခုပေါ်သို့လည်း တောင်ပေါ်မှ ဆီးနှင်းခဲများ ပြိုကျခဲ့သည်။ ဂူရက်ဇ်ကျေးရွာရှိ တပ်စခန်းပေါ်သို့ တောင်ပေါ်မှ ပြိုကျလာသော ဆီးနှင်းခဲချပ်အလွှာများ စုပြုံကျရောက်ခဲ့ရာ တပ်ဖွဲ့ဝင်များ ပိတ်မိခဲ့သည်။

တပ်ဖွဲ့ဝင် ၁၃ ဦးထက် မနည်းကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ဆရီနာဂါမြို့ရှိ အိန္ဒိယကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဂရေဝါးက ပြောကြားသည်။

ဆင်ဟွာ။

ဆန်စပါးသီးနှံ၊ ကော်ဖီသီးနှံ၊ ဝါဂွမ်းနှင့် ရော်ဘာသီးနှံများအား နှစ်ဦးနှစ်ဖက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်နိုင်ငံ VINACAFE-Team Leader မှ Director General Mr. Nguyen Van Troung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးသီးနှံ၊ ကော်ဖီသီးနှံ၊ ဝါဂွမ်းနှင့် ရော်ဘာသီးနှံများအား နှစ်ဦးနှစ်ဖက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြင်ဦးလွင်၊ နောင်ချို၊ ဗထူး၊ ရပ်စောက်ဒေသများသို့ ကွင်းဆင်းစစ်ဆေးပြီး ကော်ဖီစိုက်ပျိုးရေးဆောင်ရွက်ရန်နှင့် ထွက်ရှိလာသော ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်ပြီး တင်ပို့ရောင်းချနိုင်ရန်၊ ဒေသခံတောင်သူလယ်သမားများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေပြီး ဝင်ငွေတိုးတက် ရရှိစေရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်ကြရန် အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဗီယက်နမ်နိုင်ငံမှ Mr. Nguyen Tien Troung (Deputy Director of Agricultural Department), Mr. Nguyen Van Vong and Mr. Nguyen cao Bien Vong (Director of Easim Coffee Company),Mr. Nyuyen Ha Hue (Official From International Cooperation Department, inistry Agriculture and Rural Department) တို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား ဂျပန်နိုင်ငံ Nagoya University Graduate School of Medicine မှ Professor. Dr. Junichi SAKAMOTO လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် လျှပ်စစ်မီးရောင်စုံပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် လျှပ်စစ်မီးရောင်စုံပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့် အောင်မြေအနီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင် ဦးသိန်းလင်းက အဖွင့်မင်္ဂလာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးရောင်စုံများ ထွန်းညှိဖွင့်လှစ်ပူဇော်သည်။

ယင်းနောက် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေတိဂုံစေတီတော်နှစ် (၂၆၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်တံဆိပ်တော် (Logo) ပြိုင်ပွဲ ပထမဆုရ မောင်ထွန်းထွန်းဝင်းအား ငွေကျပ် ၁၀ သိန်းနှင့် ကြည်ညိုဖွယ် အစုံစုံ နှစ်(၂၆၀၀)ပြည့် ရွှေတိဂုံ ဓာတ်ပုံပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က နှစ်သိမ့်ဆုရရှိကြသူများအား လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆယ်ပွင့်ပန်းတို့ လန်းဆန်းဝေဆာ နှစ်(၂၆၀၀)ပြည့် ရွှေတိဂုံမှာ ဓာတ်ပုံပြိုင်ပွဲ၊ အထက်တန်းအဆင့်/ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလွတ်တန်း ပညာရှင်အဆင့်/ ပညာသင်အဆင့် ပန်းချီပြိုင်ပွဲ၊ သတင်းဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိကြသူများအားလည်းကောင်း ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရဓာတ်ပုံများ၊ ပန်းချီကားများနှင့် မှတ်တမ်းများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်တံဆိပ်တော် (Logo) ပြိုင်ပွဲ ပထမဆုရ မောင်ထွန်းထွန်းဝင်းအား ဆုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံတို့မှ ဧည့်သည်များ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းဖြစ်သည့် FXB အဖွဲ့မှ Founder and President, Countess . Albina du Boisrouvray နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဂျပန်နိုင်ငံ Nagoya University Graduate School of Medicine မှ Professor. Dr. Junichi SAKAMOTO သည် ညနေ ၄ နာရီတွင်လည်းကောင်း အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။

FXB Myanmar အဖွဲ့နှင့် တွေ့ဆုံရာတွင် ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများ၌ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားရာ၌ ပံ့ပိုးမည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

Professor. Dr. Junichi SAKAMOTO နှင့် တွေ့ဆုံရာတွင် Nagoya တက္ကသိုလ်နှင့် နည်းပညာဖလှယ်ရေးကိစ္စရပ်များ၊ လေ့ကျင့်သင်တန်းပေးရေးကိစ္စရပ်များ၊ ဂျပန်နိုင်ငံ Nagoya တက္ကသိုလ်သို့ မြန်မာနိုင်ငံမှဆရာဝန်များ ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဟာသိပ္ပံဘွဲ့တက်ရောက်ခဲ့သည့် အခြေအနေ၊ ဆက်လက်တက်ရောက်မည့် အစီအစဉ်နှင့် ပံ့ပိုးကူညီမှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၂-၂၀၁၂ (သောကြာနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၅	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၄၀	International News
၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၀	၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅း၁၀	"ငှက်တစ်သောင်း"
၅း၃၅	မြန်မာစာ၊ မြန်မာစကား
၅း၅၀	"စုစည်းခံစားကမ္ဘာ့အားကစား"
၆း၂၀	ရသစုံလင်အင်တာနက်ဥယျာဉ်
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၃၅)
၇း၄၅	"ရောဝတီတံတားများ" -လျှပ်တစ်ပြက်ဟာသများ -နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ"(အပိုင်း-၉) -သီချင်းချစ်သူ (ညဏ်လင်းအောင်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Statice Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

တယ်ရီဆာဆနာအသင်း ဂိုးပြတ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီယူနိုက်တက်အသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရီဆာဆနာအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

ဘီအီးစီတယ်ရီဆာဆနာ - ငါးဂိုး
ရောဝတီယူနိုက်တက် - တစ်ဂိုး

ထိုင်းပရီမီယာလိဂ်၏ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် တယ်ရီဆာဆနာအသင်းမှာ ရောဝတီအသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရရှိသွားသည်။ အမာခံကစားသမားများဖြစ်သည့် မင်းမင်းသူ၊ ဂျွန်နှင့် မီရိုတို့ဒဏ်ရာရရှိနေသောကြောင့် ရောဝတီအသင်းမှာ အားပျော့နေခဲ့ပြီး ပွဲစကတည်းက ခံစစ်အသွင်ဖြင့်သာ ကစားခဲ့ရသည်။ တယ်ရီဆာဆနာအသင်းမှာ ရောဝတီ၏ ခံစစ်အမှားကိုစောင့်ကာ ပုံမှန်သာကစားခဲ့ပြီး ပွဲအစသုံးမိနစ်မှာ ရိုနာချိုင်းက အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းအစတွင် သီဟစည်သူ(ဂိုး)၊ ထွန်းလင်းအောင် စသည့် အမာခံအချို့ကို ထပ်မံအနားပေးလိုက်သည့် ရောဝတီအသင်းမှာ တယ်ရီဆာဆနာ ကစားကွက်အောက်ရောက်သွားပြီး ဂိုးများဆက်တိုက်ပေးခဲ့ရသည်။ ၅၄ မိနစ်တွင် ပါနူဝတ်က အဝေးမှကန်ပြီး ဒုတိယဂိုးရရှိခဲ့သလို တိုက်စစ်မှူး ဆယ်လီတန်က ၅၇၊ ၆၇၊ ၇၁ မိနစ်တို့တွင် တစ်ဦးတည်း သုံးဂိုး (ဟက်ထရစ်) သွင်းယူခဲ့သည်။ ရောဝတီအတွက် ချေပဂိုးတစ်ဂိုးကို ၈၁ မိနစ်တွင် ဂျူပီတာက ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။

၂၅-၂-၂၀၁၂
(ဗထူးကွင်း)
ရတနာပုံ- တယ်ရီဆာဆနာ

တယ်ရီဆာဆနာအသင်းနှင့် ရောဝတီတို့ အကြိတ်အနယ်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဒိုင်း မြို့တော်စည်ပင်ရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌဒိုင်း (၆၀)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပခဲ့ရာ အမျိုးသားတံခွန်စိုက်ဒိုင်းကို မြို့တော်စည်ပင်အသင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းကို ပြည်ထဲရေးအသင်း၊ ပြိုင်ပွဲနှစ်ခုပေါင်း တံခွန်စိုက်ဒိုင်းကို ပြည်ထဲရေးအသင်းတို့က အသီးသီး ဆွတ်ခူးရရှိသွားကြသည်။

အမျိုးသားပြိုင်ပွဲတွင် မြို့တော်စည်ပင်က ရွှေ ၁၃ ခု၊ ငွေ လေးခု၊ ကြေး သုံးခု၊ ရမှတ် ၁၃၈ မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးက ရွှေနှစ်ခု၊ ငွေ ခြောက်ခု၊ ကြေး သုံးခု၊ ရမှတ် ၁၀၀ ဖြင့် ဒုတိယ၊ ပြည်ထဲရေးက ရွှေ နှစ်ခု၊ ငွေ နှစ်ခု၊ ကြေး လေးခု၊ ရမှတ် ၅၈ မှတ်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးက ရွှေကိုးခု၊ ငွေခုနစ်ခု၊ ကြေး ခြောက်ခု၊ ရမှတ် ၁၂၈ မှတ်ဖြင့် ပထမ၊ စီးပွား/ကူးသန်းက ရွှေ ခုနစ်ခု၊ ငွေ လေးခု၊ ကြေး လေးခု၊ ရမှတ် ၁၀၂ မှတ်ဖြင့် ဒုတိယ၊ လယ်/ဆည်က ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး ခုနစ်ခု၊ ရမှတ် ၉၂ မှတ်ဖြင့် တတိယ၊ ပြိုင်ပွဲနှစ်ခုပေါင်းတွင် ပြည်ထဲရေးက ၁၈၆ မှတ်ဖြင့် ပထမ၊ မြို့တော်စည်ပင်က ၁၇၇ မှတ်ဖြင့် ဒုတိယ၊ စီးပွား/ကူးသန်းက ၁၆၂ မှတ်ဖြင့် တတိယတို့ရရှိကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသော မြို့တော်စည်ပင်အသင်းအား တွေ့ရစဉ်။

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်(၇၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ (မူကြမ်း)တို့အား တင်သွင်းခြင်းနှင့် စီမံကိန်းဥပဒေမူကြမ်းအပေါ် ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၁၂ ခုနှစ် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲတွင် ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကားပါကင်ဝင်းအတွင်း၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးထွန်းလင်းသောင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာခြင်းအလှခတ် ပူဇော်ပွဲကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယက ဦးထွန်းလင်းသောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီစင်ရော်မောင်မောင်တို့က မင်္ဂလာအချိန်၌ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တပင်တိုင်သရုပ်ပြ ခေတ္တရာအောင်အောင်နှင့်အဖွဲ့၊ ဝါသနာရှင် လုလင်အောင်စိုးမိုး၊ တက်သစ်စ အင်းစိန်လူငယ်များ၊ အကယ်ဒမီယုယုနိုင်၊ တင်နီလာဝင်း၊ ဇာနည်မယ် ဖြူဖြူဝင်းနှင့် ပန်းမြတ်သီတာ၊ ရောင်ကြီးဗွေ ခြင်းလုံးအလှခတ်သက်ကြီးအဖွဲ့နှင့် မင်းညီမင်းသားအဖွဲ့တို့က စွမ်းရည်သရုပ်ပြ ခြင်းခတ်ပူဇော်ကြသည်။

မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းထံသို့ YANGON Transformer & Electrical Co., Ltd. အမှုဆောင်ဒါရိုက်တာ ဦးသန့်ဇင်သောင်းက လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ခေတ္တရာအသင်း(ရန်ကုန်) ဓမ္မာရုံဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာသန်းက လှူဒါန်းငွေကျပ်တစ်သိန်းသုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ခြင်းလုံးဝါသနာရှင်များကလည်း အလှူငွေများ လှူဒါန်းကြသည်။

မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲများကို မတ် ၇ ရက်အထိ ၁၅ ရက်တိုင်တိုင် နေ့စဉ်ညနေ ၄ နာရီမှ ည ၁၁ နာရီခွဲအထိ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကားပါကင်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှ ရိုးရာခြင်းလုံးဝါသနာရှင် အသင်းပေါင်း ၂၂၅ သင်းတို့သည် တစ်နေ့(၁၅)ဖွဲ့နှုန်းဖြင့် ခြင်းအလှခတ် ပူဇော်ကြမည်ဖြစ်ရာ မြန်မာ့ရိုးရာခြင်းလုံးဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတင်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၄)ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး ယင်းမိန့်ခွန်းအား မှတ်တမ်းတင်ခြင်း၊ ရခိုင်ပြည်နယ် လွှတ်တော်ကော်မတီများဖြစ်သည့် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများကို ပြင်ဆင်ဖွဲ့စည်း အတည်ပြုချက်ရယူခြင်း၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို တင်သွင်းခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နည်းပညာဆိုင်ရာ ဆွေးနွေးပွဲပိတ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပသော JEPIC Seminar In Myanmar On Reactive Power Compensation And Control နည်းပညာဆိုင်ရာဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးခြင်း ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် JAPAN Electric Power Information Center (JEPIC) မှ Mr. KIYOSHI KOMISHI က အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား အင်ဂျင်နီယာအရာထမ်း၊ အမှုထမ်း(၅၀) တို့အား ဆွေးနွေးပွဲ အောင်မြင်မှုအထိမ်းအမှတ် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးမိုးသက်က ကျေးဇူးတင်စကား ပြောကြားပြီး JAPAN Electric Power Information Center (JEPIC) မှ Mr. KIYOSHI KOMISHI က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၅)ခု တင်သွင်းခြင်း၊ အစည်းအဝေး ပထမနေ့က တင်သွင်းထားသည့် အဆို(၄)ခုအား ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မောင်းသူများသည် လူကူးမျဉ်းကျား မရောက်မီ ယာဉ်ကို အရှိန်လျှော့မောင်းနှင်ရန်နှင့် လူကူးမျဉ်းကျားတွင် လမ်းကူးသူများရှိပါက ယာဉ်ကို ရပ်တန့်ပေးရမည်။ ရပ်တန့်မပေးဘဲ အတင်းဝင်ရောက်မောင်းနှင်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ ဒေါက်တာဇော်ဦး (Chin Mai University) က "ASEAN စီးပွားရေးဝန်းကျင်ဆိုင်ရာသိကောင်းစရာများ AEC "ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံမြင်ကွင်း

ရန်ကုန်မြို့၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို အရေးယူမှုများ ပြုလုပ်နေပြီဖြစ်သော်လည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများမှာ ပစ်မြဲတိုင်း ပစ်နေကြသည်ကို ရန်ကုန်မြို့ နေရာအနှံ့ တွေ့ရသည်။ ဒဏ်ငွေ ကျပ်တစ်သောင်းဖြင့် အရေးယူသကဲ့သို့ အမှိုက်ပုံး၊ ကွမ်းတံတွေးထွေးပုံး စသည်တို့ကို ရန်ကုန်မြို့နေရာအနှံ့ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းမှလည်း ပြုလုပ်ပေးသင့်သည်ကို တွေ့ရသည်။ **(ဝဲပုံ)**မှာ ရန်ကုန်မြို့လယ်ကောင် လူစည်ကားရာလမ်းမကြီးပေါ်၌ သန့်ရှင်းရေးဝန်ထမ်းတစ်ဦး အမှိုက်သိမ်းနေသော်လည်း တစ်ခဏအတွင်း အမှိုက်များမှာ ဟိုတစ်စ ဒီတစ်စ . . .။

ရန်ကုန်မြို့တွင်း လမ်းများ၌ လူကူးမျဉ်းကျားမှ လမ်းမကူးသူများကို ပညာပေးအရေးယူနေသကဲ့သို့ လူကူးမျဉ်းကျားမှ လမ်းကူးသော်လည်း ယာဉ်တိုက်ခံရမည့် အန္တရာယ်ကို ရှောင်ရှားနေရသည့် ပြည်သူများ**(အောက်ပုံ)**။ လူကူးမျဉ်းကျား၌ လိုက်နာရမည့် မော်တော်ယာဉ်ဥပဒေကို လိုက်နာမှုမရှိသည့် ယာဉ်မောင်းများအတွက် ထိရောက်သော အရေးယူမှုများလည်း သက်ဆိုင်ရာက အမြန်ဆုံး ပြုလုပ်သင့်ပြီဖြစ်သည်။

မပြောမပြီး မတီးမမြည်

စာရင်းအင်းအကျိုးဆက်

တိကျမှန်ကန်ခိုင်လုံသော စာရင်းအင်းများရရှိရေးသည် အဖွဲ့အစည်းတိုင်း၏ အခြေခံဦးစားပေးလုပ်ငန်းဖြစ်သလို လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ပင်မအသက်သွေးကြောလည်းဖြစ်သည်ဆိုသည့် မကြာမြင့်မီက မှာကြားချက်တစ်ခုကို ကြားသိလိုက်ရသည်။ ရရှိစာရင်းအင်းများ မှားယွင်းပြီဆိုပါက ဆင့်ကဲဖြစ်စဉ်နိယာမအတိုင်း သက်ဆိုင်ရာအဖွဲ့အစည်းမှသည် နိုင်ငံနှင့် ခေတ်စနစ်ထိတိုင် ပြောင်းလဲသွားစေနိုင်ကြောင်း သမိုင်းသက်သေရှိခဲ့ပြီး ဖြစ်သည်။

လတ်တလောဖြစ်စဉ်တစ်ခုကို ဖော်ပြရလျှင် အင်ဂိုလာအစိုးရ၏ ဒေါ်လာ ၃၂ ဘီလီယံခန့် စာရင်းပျောက်နေမှုဖြစ်သည်။ ခြစား၍ မဟုတ်ပါကြောင်း၊ ငွေစာရင်းထိန်းသိမ်းမှုညံ့ဖျင်း၍သာ ဖြစ်ပါကြောင်း အစိုးရကိုယ်တိုင် ဝန်ခံရှင်းလင်းနေရသည်။ စာရင်းအင်းတန်ဖိုး၏ ပြယုဂ်တစ်ခုဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံတွင်လည်း တစ်ချိန်သောကာလက လယ်သမားများကို အမတော်ငွေထုတ်ချေးသည်။ မြို့နယ်နှင့် ရပ်/ကျေးပူးပေါင်းအဖွဲ့မှ တာဝန်ယူလုပ်ဆောင်ပေးသည်။ ပူးပေါင်းအဖွဲ့၏ ဝိသမလောဘကြောင့် စားပွဲပေါ်တွင် လယ်ဧကအသစ်များ မွေးဖွားကြသည်။ မြစ်တွေ၊ ချောင်းတွေ၊ တောင်တွေမကျန် လယ်မြေသစ်တွေဖြစ်သွားသည်။ မြေရိုင်းဖော်ထုတ်မှုဟု အရိုးခံယုံကြည်ပြီး စိုက်ဧကတိုးလာမှုအပေါ် ကြိုဆိုသည်။ စပါးပေါ်ချိန်တွင် စိုက်ဧကအတုအယောင် ဝန်ထုပ်ဝန်ပိုးသည် လယ်သမားများခေါင်းပေါ် ရောက်လာသည်။ လူတစ်စု၏ကိုယ်ကျိုးရှာမသမာမှုဒဏ်ကို လယ်သမားများ နှစ်ရှည်လများ ခါးစည်းခံခဲ့ကြရသည်။ အကျိုးဆက်မှာ ခေတ်တစ်ခေတ်၊ စနစ်တစ်ခု ပေါက်ကွဲပျက်စီးသွားခဲ့ရသည်။ အမှိုက်ကစပြာသာဒ်မီးလောင်ဖြစ်ခဲ့ရသော သင်ခန်းစာယူဖွယ် အောက်ခြေမှ စာရင်းအင်းအမှားအယွင်း အကျိုးဆက်ဖြစ်ရပ်မှန်တစ်ခု ဖြစ်သည်။

မကြာသေးမီကာလ စာရင်းအင်းတစ်ခု၏ ကြီးကြပ်မှုမှာ ဤသို့ဖြစ်သည်။ မြို့နယ်၏ ညွှန်ကြားချက်အရ ရပ်/ကျေး အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းပြီး သက်ကြီးစာမတတ်သူစာရင်းကောက်ယူခဲ့သည်။ လူဦးရေမတည်ငြိမ်သည့် ပျံ့ကျရပ်ကွက်ဖြစ်သည့်အားလျော်စွာ စာမတတ်သူ တစ်ရာနီးပါး ပြုစုရရှိသည်။ ရရှိစာရင်းကို မြို့နယ်သို့ အချိန်မီပို့သည်။ နွေရာသီဖွင့်မည့် 'အသုံးလုံး' သင်တန်းအတွက်လည်း ကြိုတင်ပြင်ဆင်ထားခဲ့သည်။ သို့သော် ဖြစ်မလာခဲ့ပါ။ အကြောင်းမှာ တစ်မြို့နယ်လုံး စာတတ်ပြီးကြောင်း အစီရင်ခံထားပြီးဖြစ်နေ၍ သင်တန်းဖွင့်စရာမလိုတော့ပြီဟူ၏။

နိုင်ငံတော်နှင့် ပြည်သူကြား ဆက်စပ်အကောင်အထည်ဖော်ဆောင်ပေးနေကြသော 'ကြားလူများ'၏ လုပ်ဆောင်ချက်သည် လုပ်ငန်းအောင်မြင်မှု၊ ဆုံးရှုံးမှုကို အဆုံးအဖြတ်ပေးနိုင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ "မိုးနှင့်မြေကြီးသည် ကောင်း၏၊ ကြားလူတွေမကောင်း"ဟူသော စပိန်စကားပုံသည် ဤပုဂ္ဂိုလ်များကို ညွှန်းဆိုခဲ့ခြင်းဖြစ်လိမ့်မည်။

ယခုရက်ပိုင်းအတွင်း တိမ်းမှောက်ခဲ့သော Costa Concordia အပျော်စီးသင်္ဘောဖြစ်စဉ်တွင် ပေါ့ဆသော ကပ္ပတိန်မှာ တာဝန်ရှိသလို ထုတ်ပြန်ထားသော အမိန့်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ပုံမှန်စစ်ဆေးရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီမှာလည်း တာဝန်ရှိကြောင်း သုံးသပ်ပြထားသည်။ အဖွဲ့အစည်းတစ်ခု၏ အောင်မြင်မှု၊ ဆုံးရှုံးမှုတွင် မှန်ကန်သော အနီးကပ်စာရင်းစစ်မှုက အခရာဖြစ်ကြောင်း သင်ခန်းစာများက ပြဆိုသည်။ ဤလုပ်ရပ်မျိုးကို ယခုမှလုပ်ဆောင်နေသော အသစ်အဆန်းလုပ်ရပ်မဟုတ်ပါ။ ရှေးလက်ထက်ကတည်းက ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် လုပ်ဆောင်ချက်တို့က နမူနာပြနေသည်။ စာရင်းအင်းအစပြုရာ အောက်ခြေရပ်ဝန်းမှ သတိမူ၊ သံဝေဂယူစရာများသည် 'ပညာရှိ သတိဖြစ်ခဲ'ဖြစ်ဟန်မတူပါကြောင်း ရှုမြင်ပါသည်။

အောင်ကျော်ညို(ဆင်ချဆိပ်)

ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းသို့ အလွယ်တကူသွားလာနိုင်ပြီး ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား

တံတားအချက်အလက်များ

၁။ ဆင်ဖြူရှင်တံတား၏ ပင်မတံတားမှာ သံမဏိတံတားအမျိုးအစားဖြစ်ပြီး ၄၉၅၇ ပေရှည်သည်။

၂။ ချဉ်းကပ်ရထားလမ်းအရှည်မှာ အရှေ့ဘက်တွင် ၁၇၆၅ ပေနှင့် အနောက်ဘက်တွင် ၄၂၅ ပေရှိသည်။

၃။ မော်တော်ယာဉ်သွားလမ်းတစ်ဖက်လျှင် ၁၄ ဒသမ ၇၆ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၄ ဒသမ ၉၂ ပေစီကျယ်သည်။ တံတားကြီး၏ ရထားလမ်းအကျယ်မှာ ၁၉ ဒသမ ၆၈ ပေဖြစ်သည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်အကျယ်ပေ ၂၁၀၊ အမြင့် ၃၆ ပေရှိသည်။ မော်တော်ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ ၃၆ တန်ဖြစ်သည်။

၅။ ဆင်ဖြူရှင်တံတားကို ၇-၃-၁၉၉၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈-၉-၁၉၉၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

- ✱ ချင်းတွင်းမြစ်ကူးတံတား(ဆင်ဖြူရှင်)သည် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့ကို ဆက်သွယ်ထားသည်။
- ✱ ကားလမ်းရော ရထားလမ်းပါ အသုံးပြုနိုင်သည်။
- ✱ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း လွယ်လင့်တကူ အပြန်အလှန်သွားလာနိုင်ပြီး ဒေသပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း ဖွံ့ဖြိုးတိုးတက်လာသည်။
- ✱ ဆင်ဖြူရှင်တံတားသည် မြန်မာအင်ဂျင်နီယာများ၏ ကိုယ်ပိုင်အရည်အသွေး၊ အရည်အချင်းများဖြင့် ကိုယ်ပိုင်အတွေ့အကြုံများကို အရင်းခံပြီး ကြိုးပမ်းတည်ဆောက်ထားသည်။ ချင်းတွင်းမြစ်ကိုဖြတ်ကျော် တည်ဆောက်ထားသည့် ပထမဦးဆုံး တံတားကြီးဖြစ်သည်။
- ✱ မန္တလေးမှ စစ်ကိုင်း၊ ပခုက္ကူ၊ ပေါက်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များသို့ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ မန္တလေးမှ စစ်ကိုင်း(ချောင်းဦး)၊ ရေစကြို၊ ဂန့်ဂေါ၊ ကလေးမြို့များသို့ မီးရထားဖြင့်လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။
- ✱ ချင်းတွင်းမြစ်ကူးတံတား(ဆင်ဖြူရှင်)သည် တိုင်းရင်းသားများ၏ ချစ်ကြည်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးကို ရေတိုရော၊ ရေရှည်မှာပါ အထောက်အကူပြု ဖော်ဆောင်သွားမည့် တံတားကြီးဖြစ်သည်။

☆ ရှေ့ဖုံးမှ

ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက် ကုမ္ပဏီဥက္ကဋ္ဌတို့က ရှမ်း၊ ကချင်၊ လားဟူ၊ ပလောင်နှင့်ကိုးကန့် ယဉ်ကျေးမှုအဖွဲ့များအတွက် ငွေကျပ်သိန်း ၁၀၀ ကို စုပေါင်း၍ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့ မြို့လယ် မင်္ဂလာရုံကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇေယျအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ထံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးတို့သည် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ဆီမီးနှင့်အမွှေးနံ့သာတို့ဖြင့်လည်းကောင်း၊ ရွှေသင်္ကန်းကိုလည်းကောင်း ကပ်လှူပူဇော်ပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ရှေးဟောင်းရိုးရာ ယဉ်ကျေးမှုလက်ရာပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ကွမ်းလုံမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့နှင့် တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ကွမ်းလုံခရိုင်အုပ်ချုပ်ရေးမှူးက ၁၅-၁၂-၂၀၁၁ ရက်က လာရောက်ခဲ့သော ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညွှန်ကြားချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့မိမြို့ဖ နှစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်းတို့က ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် မီးသတ်မော်တော်ယာဉ် ရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကျေးရွာအုပ်စုများအတွက် ဆိုလာမီးအိမ် ၂၅ လုံးကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌက ရှမ်း၊ ကချင်၊ 'ဝ'နှင့် ကိုးကန့် ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၈၀ နှင့် ကွမ်းလုံမြို့နယ်ဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၂၀၀၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌက ကျေးရွာ ငါးရွာအတွက် ငွေကျပ်သိန်း ၂၀၀၊ သမဝါယမဘဏ် ဥက္ကဋ္ဌက ကျေးရွာ ၂၄ ရွာအတွက် ငွေကျပ်သိန်း ၄၂၀ တို့ကို စီးပွားရေး လုပ်ငန်းရှင်များကိုယ်စား ပေးအပ်လှူဒါန်းကြရာ တိုင်းရင်းသားများနှင့် မြို့မိမြို့ဖများက လက်ခံကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက် ၁၀ စုံနှင့် ကွမ်းလုံအထူး တိုက်ခိုက်ရေးရဲတပ်ဖွဲ့အတွက် ဝတ်စုံစရိတ် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သံလွင်ဦးခန်းမ၌ ကိုးကန့်တိုင်းရင်းသားများအား ထပ်မံတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကိုးကန့်တိုင်းရင်းသား ဦးထွန်းရင်က သောက်သုံးရေရရှိရေး၊ ဆက်သွယ်ရေး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြပြီး သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် အလှူငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းရာ ကိုးကန့်တိုင်းရင်းသားများက လက်ခံကြသည်။

ထို့ပြင် အေးရှားဝေါလ်ကုမ္ပဏီက ကွမ်းလုံမြို့နယ် CDMA တာဝါတိုင်တွင်

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း သိန်းနီမြို့နယ်အတွင်း ရှိ ရပ်ကွက် နှင့် ကျေးရွာအုပ်စု ၃၀ အတွက် ဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လိုအပ်သော ဆိုလာပြားများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် သိန်းနီမြို့နှင့် ကွမ်းလုံမြို့တို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ယခုကဲ့သို့ လာရောက်ခြင်းသည် သိန်းနီမြို့နယ်နှင့် ကွမ်းလုံမြို့နယ်များ အတွင်း လိုအပ်ချက်များ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခင်ပြီးခဲ့သည့် နှစ်လခန့်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုများကိုလည်း လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ယခုအချိန်တွင် ပြည်တွင်းနိုင်ငံရေး တည်ငြိမ်အေးချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တိုင်းပြည်လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်မှာ မြို့ပြတွင်နေထိုင်ကြကြောင်း။

UNDP နှင့် UNICEF တို့မှ တွက်ချက်မှုများအရ မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းသို့လျော့ကျခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ရည်မှန်းချက် လုပ်ငန်းစဉ် (၈)ရပ်ပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ စီမံကိန်းအတွက် ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြို့နယ်များအနေဖြင့် လုပ်ငန်းစဉ် (၈)ရပ် ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ မရှိစေဘဲ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ အဆိုပါလုပ်ငန်းများသည် ဗဟိုမှ အသင်းအဖွဲ့ပုံစံဖွဲ့စည်းပေးပြီးမှ ဆောင်ရွက်စေခြင်း မဟုတ်ဘဲ ရပ်ရွာအတွင်းရှိ စိတ်တူသဘောတူ၊ ဆန္ဒတူညီသူများ၏ စိတ်ဆန္ဒအရ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်၍ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသည့် ကိုယ်စားလှယ်နေရာများအတွက် ပြန်လည်ရွေးချယ်တင်မြှောက်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကို သေချာစွာ ရွေးချယ်နိုင်ကြပါစေဟု ဆန္ဒပြုလိုပါကြောင်း။

သိန်းနီမြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုအတွက် အဟန့်အတားတစ်ခုဖြစ်နေသည့် သိန်းနီကုန်ပစ္စည်းစစ်ဆေးရေးစခန်းအား နိုင်ငံတော်မှ ဖျက်သိမ်းလိုက်သည့်အတွက် ကွမ်းလုံမြို့နယ်တွင် လိုအပ်လျက်ရှိသော ကျောင်းများ အဆင့်မြှင့်တင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး၊ မီးသတ်ယာဉ်နှင့် မီးသတ်စခန်းဖွင့်လှစ်ခွင့်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ များစွာအဆင်ပြေကြောင်း သိရှိရ၍ ဝမ်းသာကြောင်း၊ မြို့နယ်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဥပဒေ၊ စည်းကမ်း၊ မူဘောင်များ အတွင်းမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးကို ဆောင်ရွက်နေရဆဲ ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍအပါအဝင် စက်မှုကုန်ထုတ်လုပ်မှုကို အခြေခံသော နိုင်ငံအဖြစ် တိုးတက်ပြောင်းလဲနိုင်ရေး ရည်မှန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးသည် စား၊ ဝတ်၊ နေရေးအတွက် ဖူလုံလောက်ငမှု ရှိသော်လည်း အဆင့်အတန်းမီသော လူမှုဘဝအထိရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်မည်မဟုတ်ကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ GDP တွင် စိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုသည် ၁၅ ရာခိုင်နှုန်းခန့်မျှသာရှိပြီး ကျန် ၈၅ ရာခိုင်နှုန်းခန့်မှာ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့ဖြစ်ကြောင်း၊ သိန်းနီမြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့သည် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန်အတွက် အခြေခံကောင်းများ များစွာရှိသော ဒေသဖြစ်ကြောင်း။

စိမ်းလန်းသော တောတောင်များနှင့် သာယာလှပသော သဘာဝရှုခင်းများ အပြင် ခရီးသွားဧည့်သည်ကို အလွန်ဆွဲဆောင်နိုင်သည့် ခိုင်မာသော မြို့သမိုင်းကြောင်းများ၊ သမိုင်းဝင်နေရာများ များစွာရှိနေပြီးဖြစ်ကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် နိုင်ငံအများအပြားမှ ခရီးသွားဧည့်သည်များမှာ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာနေကြောင်း၊ သို့ဖြစ်၍ ခိုင်မာသော သမိုင်းကြောင်းနှင့် သမိုင်းဝင် နေရာဒေသ အဆောက်အအုံများကို အခြေခံ၍ ပြခန်းများ၊ ပြတိုက်များ၊ ကြည့်ရှုလေ့လာရန် နေရာများအဖြစ် ဖော်ထုတ်ပြသနိုင်ပါက ခရီးသွားဧည့်သည်များ များစွာစိတ်ဝင်စားကြမည်ဖြစ်ကြောင်း။

သိန်းနီ၊ ကွတ်ခိုင်၊ လားရှိုး၊ မူဆယ်စသည့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင်၊ ရေရှည်တည်တံ့သည့် ခရီးသွားဒေသတစ်ခုဖြစ်လာအောင် ယခုကပင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်း ဆိုသည်မှာ ဟိုတယ်ကြီးများ ဆောက်လုပ်နိုင်မှ လုပ်ငန်းလုပ်ကိုင်နိုင်သည် မဟုတ်ဘဲ ဧည့်ဝတ်ပျူငှာစွာ ဆက်ဆံခြင်း၊ ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ ဒေသနှင့် လိုက်လျောညီထွေဖြစ်သည့် နေထိုင်စားသောက်ရေး စသည်များကို သန့်ရှင်းသပ်ရပ် အဆင့်အတန်း တစ်ခုဖြင့် ထားပေးနိုင်လျှင်ပင် များစွာ အောင်မြင်နိုင်ကြောင်း။

ထို့အပြင် ဤဒေသတွင် ဝန်ဆောင်မှုကဏ္ဍအပြင် စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် မူဆယ်ဒေသပတ်ဝန်းကျင်၌ စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု တည်ထောင်နိုင်ရေးအတွက် ဖြစ်နိုင်ခြေများကိုလည်း စူးစမ်းလေ့လာလျက်ရှိကြောင်း။

မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ အလုပ်အကိုင် သွားရောက်အလုပ်လုပ်ကိုင်နေသူ သုံးသန်းခန့်ရှိကြောင်း၊ အလားတူ ဤဒေသမှ တစ်ဖက်နိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်နေရသူများလည်း ရှိကြောင်း၊ ၎င်းတို့သည် ပြည်ပနိုင်ငံများတွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နေခြင်း မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အမှန်တကယ် ဘဝအာမခံချက်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာပါက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်မိသားစုရှိရာ နေရာတွင်သာ ပြန်လည်လာရောက်လုပ်ကိုင်ကြမည် ဖြစ်ကြောင်း။

ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပေးနိုင်မည့် ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်ကြီးများ မဖော်ထုတ်သေးနိုင်မီ ကာလတွင်လည်း ဒေသအတွင်း၊ မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်နေသည့် ထုတ်ကုန်လုပ်ငန်း (ဥပမာ-စားသောက်ကုန်) များကို အများပိုင်ကုမ္ပဏီများ အသွင်

မြန်မာနိုင်ငံ၏ ပထမဆုံးရေခဲရုပ်တုပြပွဲ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွင့်မည်

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်(မြေပဒေသာကျွန်း)၌ တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံးရေခဲရုပ်တုပြပွဲ၏ ခန်းမထဲကို ဝင်လိုက်သည်နှင့် အအေးဓာတ်က လွှမ်းခြုံသွားသည်။

မြန်မာလူမျိုးတစ်ယောက်အဖို့ မြောက်ဝင်ရိုးစွန်းဒေသနှင့် ပြည်ပရှိ ရေခဲဒေသများသို့ ကိုယ်တိုင်မရောက်နိုင်သော်လည်း မြန်မာ့မြေပေါ်၌ အဆိုပါဒေသများသို့ မြန်မာပြည်သူပြည်သားများ ရောက်နေရသကဲ့သို့ တွေ့ကြုံခံစားနိုင်စေရန်အတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ပေးသော Asia Myanmar Consortium Development Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က "တရုတ်ပြည် ဟာဘင်းမြို့ကိုရောက်တော့ ဒီလိုရေခဲနဲ့ ရုပ်တုတွေ တည်ဆောက်ထားတာတွေ့တော့ ကိုယ့်နိုင်ငံကိုယ့်တိုင်းပြည်မှာလည်း ဒီလိုအကောင်အထည်ဖော်နိုင်ရင် ကောင်းမှာပဲလို့ စဉ်းစားမိတယ်။ ဒါ့အပြင် အရှေ့တောင်အာရှက ဒေသအချို့မှာ ဒါမျိုးရေခဲပြင် ရုပ်တုပြခန်းတွေရှိသလို ကိုယ့်နိုင်ငံမှာလည်းရှိစေချင်တယ်။ ဒါ့ကြောင့် ဒီလုပ်ငန်းကို လုပ်ဖြစ်ခဲ့တာပါ။ အေးခဲတဲ့ဒေသက အတွေ့အကြုံမျိုးကို ကျွန်တော်တို့လို ရာသီဥတုပူတဲ့ တိုင်းပြည်မှာ ခံစားရမယ်ဆိုတော့ အင်မတန်ထူးခြားတယ်လို့ ပြောလို့ရပါတယ်။ ဒီလိုနေရာမျိုးကိုလည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေက အလွန်သဘောကျနှစ်သက်ကြတာကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အပန်းဖြေအနားယူစရာ နေရာတစ်ခုထပ်တိုးတာပေါ့။ ပြခန်းကိုလည်း မြန်မာပြည်သူတွေ သင့်တင့်တဲ့နှုန်းထားနဲ့ ဝင်ကြည့်နိုင်အောင် စီစဉ်ပေးထားပါတယ်။ စီးပွားရေးရဲ့အကျိုးအမြတ်ကို အဓိကမကြည့်ပါဘူး။ ဟာဘင်းမြို့မှာဆိုရင် ရေခဲရုပ်တုပြပွဲကိုကြည့်မယ်ဆိုရင် လူတစ်ဦးကို မြန်မာငွေကျပ် တစ်သောင်းခွဲလောက် ကျပါတယ်။ ဒီလုပ်ငန်းကို ပြည်သူတွေရဲ့အားပေးမှုအပေါ်ကို အခြေခံပြီး အခြားလူနေထူထပ်တဲ့မြို့ကြီးတွေမှာလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ပြောပြသည်။

အဆိုပါ ရေခဲရုပ်တုပြခန်းတွင် မြန်မာနိုင်ငံ၏ အထင်ကရမန္တလေးနန်းမြို့ရိုး၊ ပြင်သစ်နိုင်ငံမှ အီဖဲလ်မျှော်စင်၊ အမေရိကန်ပြည်ထောင်စုမှ လစ်ဘာတီရုပ်၊ တရုတ်နိုင်ငံမှ မဟာတံတိုင်းကြီး၊ ချစ်စဖွယ်ကောင်းသော တိရစ္ဆာန်ရုပ်များ၊ ရေတံခွန်၊ စမ်းချောင်းနှင့် လူလမ်းလျှောက်နိုင်သော တံတားငယ်များကို ရေခဲတုံးများဖြင့် ထုဆစ်ထားပြီး ရောင်စုံမီးအလှများနှင့် ထွန်းညှိအလှဆင်ထားကာ ရေခဲပြင်လျှောစီးခြင်းကိုလည်း ပါဝင်ကစားနိုင်မည်ဖြစ်ပေသည်။

ပျော်ရွှင်စရာရေခဲကမ္ဘာရေခဲရုပ်တုပြပွဲကို တစ်ဧကေအကျယ်ရှိ မြေပေါ်တွင် ရေခဲပြင်ထုတန်ချိန် ၃၀၀၀ ခန့်ဖြင့် ရုပ်တုများကို လက်ရာမြောက်စွာ ထုဆစ်အလှဆင်ထားပြီး ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဝင်ကြေးမှာ စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် လူကြီးတစ်ဦး ငါးထောင်ကျပ်၊ ကျန်ရက်များတွင် လေးထောင်ကျပ်၊ ကလေးတစ်ဦးသုံးထောင်ကျပ်၊ နိုင်ငံခြားသား လူကြီးတစ်ဦး ၁၀ ဒေါ်လာနှင့် ကလေးတစ်ဦး ငါးဒေါ်လာသတ်မှတ်ထားကြောင်း သိရသည်။

(ကိုကြီးသာ)



သမိုင်းဝင်နန်းမြို့ရိုးကြီးက လက်ရာမြောက်လှသည်။



ဥယျာဉ်ငယ်၊ စမ်းချောင်းနှင့် တံတားတို့က သာသာယာယာလှလှပပ။

❀ အိန္ဒိယမှ

အထူးပြုလုပ်ထားသော ကွန်ပျူတာဆော့ဖ်ဝဲဖြင့် လေ့လာမည်ဖြစ်သည်။

ဥတ္တရာခန်းပြည်နယ်၌ ဆင်ကောင်ရေစာရင်းကောက်ယူမှုကို ဖေဖော်ဝါရီ ၂၄ ရက်မှ စ၍ ငါးရက်ကြာ ပြုလုပ်မည်ဖြစ်သည်။

ဥတ္တရာခန်းပြည်နယ်ရှိ ကော်ဘက်အမျိုးသားဥယျာဉ်နှင့် ရာဂျာဂျီအမျိုးသားဥယျာဉ်တို့ရှိ ဆင်များကို ရေတွက်နိုင်ရန် သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

ဆင်ချေးအခြောက်များအား လေ့လာသောနည်းစနစ်ကို ဗီယက်နမ်နိုင်ငံ၌ ပထမဆုံးအသုံးပြုခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ယင်းနည်းစနစ်ကို အသုံးပြုကာ ဆင်ကောင်ရေကို ခန့်မှန်းမှုများပြုလုပ်ခဲ့သည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ် ရာဂျာဂျီ အမျိုးသားသစ်တောဥယျာဉ်တွင် ဆင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာ လမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အမှုဆောင် ဦးမျိုးမင်းအောင်က ပြိုင်ပွဲ၌ နှစ်သိမ့်ဆုရရှိသော မဝင့်ဇာခြည် (ရဲအောင်နိုင်ကလပ်-စမ်းချောင်း)အား ဆုကြေးငွေချီးမြှင့်သည်။

ယင်းနောက် ဒသမမှ ပထမအထိရရှိကြသူများအား ဆုကြေးငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယဆုရရှိသော လင်းနိုင်ဦး (ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုရရှိသော ကိုကိုကြီး(မန္တလေး)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမဆုရရှိသော ငြိမ်းချမ်း (လယ်/ဆည်)အား ဆုကို ပေးအပ်ချီးမြှင့်သည်။

ယခုပြိုင်ပွဲမှ ပထမမှ အဋ္ဌမအထိရရှိကြသူ ရှစ်ဦးသည် မတ် ၂၂ ရက်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

များတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာအောင်၊ ရေရှည်တည်တံ့သည့် ခရီးသွားဒေသတစ်ခုဖြစ်လာအောင် ယခုကပင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်း ဆိုသည်မှာ ဟိုတယ်ကြီးများ ဆောက်လုပ်နိုင်မှ လုပ်ငန်းလုပ်ကိုင်နိုင်သည် မဟုတ်ဘဲ ဧည့်ဝတ်ပျူငှာစွာ ဆက်ဆံခြင်း၊ ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ ဒေသနှင့် လိုက်လျောညီထွေဖြစ်သည့် နေထိုင်စားသောက်ရေး စသည်များကို သန့်ရှင်းသပ်ရပ် အဆင့်အတန်းတစ်ခုဖြင့် ထားပေးနိုင်လျှင်ပင် များစွာ အောင်မြင်နိုင်ကြောင်း။

ထို့အပြင် ဤဒေသတွင် ဝန်ဆောင်မှုကဏ္ဍအပြင် စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် မူဆယ်ဒေသပတ်ဝန်းကျင်၌ စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု တည်ထောင်နိုင်ရေးအတွက် ဖြစ်နိုင်ခြေများကိုလည်း စူးစမ်းလေ့လာလျက်ရှိကြောင်း။

မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ အလုပ်အကိုင် သွားရောက်အလုပ်လုပ်ကိုင်နေသူ သုံးသန်းခန့်ရှိကြောင်း၊ အလားတူ ဤဒေသမှ တစ်ဖက်နိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်နေရသူများလည်း ရှိကြောင်း၊ ၎င်းတို့သည် ပြည်ပနိုင်ငံများတွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နေခြင်း မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အမှန်တကယ် ဘဝအာမခံချက်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာပါက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်မိသားစုရှိရာ နေရာတွင်သာ ပြန်လည်လာရောက်လုပ်ကိုင်ကြမည် ဖြစ်ကြောင်း။

ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပေးနိုင်မည့် ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်ကြီးများ မဖော်ထုတ်သေးနိုင်မီ ကာလတွင်လည်း ဒေသအတွင်း၊ မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်နေသည့် ထုတ်ကုန်လုပ်ငန်း (ဥပမာ-စားသောက်ကုန်) များကို အများပိုင်ကုမ္ပဏီများ အသွင်ဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံပြီး ဒေသထွက်ကုန်အဆင့်မှ တိုင်းပြည်ထွက်ကုန်တစ်ရပ်အဆင့်သို့ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ဤနေရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်အနက်မှ အသေးစားငွေချေးလုပ်ငန်းအား ထိရောက်စွာ အသုံးချနိုင်ကြကြောင်း၊ မိသားစုလုပ်ငန်းမှ ဒေသတွင်း လုပ်ငန်း၊ ဒေသတွင်းလုပ်ငန်းမှ တိုင်းပြည်ထုတ်ကုန်လုပ်ငန်းအဖြစ် တိုးမြှင့်ရေးတွင် အသေးစားငွေချေးလုပ်ငန်းများ၊ ဘဏ်များ၏ အင်အားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြကြောင်း။

ထို့ကြောင့် မိမိဒေသအတွင်း ဖြစ်နိုင်ဖွယ်ရာလုပ်ငန်းများအား စူးစမ်းလေ့လာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း သုံးသပ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများဖြင့် အလုပ်အကိုင် အခွင့်အလမ်းပေါများသည့် ဒေသ၊ လူမှုစီးပွားဘဝ အဆင့်အတန်းမီသော ဒေသတစ်ခုဖြစ်လာအောင် မိမိအပါအဝင် ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြို့နယ်များ၏ တင်ပြချက်အများစုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ရှင်းလင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များမှာ ရုံးလုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ သက်ဆိုင်ရာမှတစ်ဆင့် တင်ပြပေးစေလိုကြောင်း၊ အချို့ကိစ္စရပ်များတွင် အစိုးရကိုချည်း အားကိုးမနေဘဲ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မိမိနှင့်အတူ လာရောက်ခဲ့သည့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်ကြီးများက ငွေကျပ်သိန်း ၂၀၀၀ မတည်ပေးထားပြီဖြစ်၍ အခြေခံလူတန်းစားများအတွက် အသေးစား ငွေစုငွေချေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ ထပ်မံလာရောက်ချိန်တွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် သိန်းနီနှင့် ကွမ်းလုံမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သိန်းနီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးစု အမျိုးသမီးလူမှုကူညီရေးအသင်းခေါင်းဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းပေးရာ အခမ်းအနားသို့ ဒေသခံ အမျိုးသမီး ၁၂၂ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ ဇနီးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများသည် မိမိတို့အမျိုးသမီးထုအားလုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအပြင် အမျိုးသမီးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်အမျိုးသမီးငယ်များ စီးပွားရေးအတွက် လက်မှုပညာလုပ်ငန်းများသင်ကြားပေးရေး၊ ဘာသာရေးဆိုင်ရာ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်အောင် စောင့်ရှောက်လမ်းညွှန်ရေး စသည့် လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ပါကြောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်ရေးနှင့် ဆင်းရဲချို့တဲ့သော ကျေးလက်နေ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရှေ့ဆက်ပြီးလည်း အမျိုးသမီးငယ်များ လူကုန်ကူးခံရမှုများကို လက်တွဲညီညီပူးပေါင်းပြီး တားဆီးကာကွယ်သွားစေလိုပါကြောင်း၊ စေတနာနှင့် အနစ်နာခံမှုကို အရင်းခံပြီး စည်းစည်းလုံးလုံး၊ လက်တွဲညီညီဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မြို့နယ်အဆင့်တွင် ဖြေရှင်းရခက်သည့် အခက်အခဲရှိပါကလည်း ဗဟိုအဆင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့နှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးများလူကုန်ကူးမှုတားဆီးကာကွယ်ရေး လျှော့ချမှုလုပ်ငန်းများတွင် မိမိတို့အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အတွက် ကူညီဆောင်ရွက်ပေးနိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အသင်း၏ဖွဲ့စည်းမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလူမျိုးစု၊ အမျိုးသမီး လူမှုကူညီရေးအသင်းခေါင်းဆောင်များက အထွေထွေကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ သိန်းနီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဒုတိယသမ္မတ၏ ဇနီးက မတည်ငွေကျပ် ၁၀ သိန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက မတည်ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက ကချင်၊ ရှမ်း၊ ကိုးကန့်နှင့် လားဟူ တိုင်းရင်းသားလူမျိုးစု အမျိုးသမီး လူမှုကူညီရေးအသင်းအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းစီနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ ဇနီး ဒေါ်နန်းရွှေမှုန်သည် မွန်းလွဲ ၁ နာရီခွဲတွင် ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတ၏ ဇနီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အသင်းကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ ခရိုင်/မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးများ ကျန်းမာရေး စောင့်ရှောက်မှုတွင် အားတက်သရော ပါဝင်ဆောင်ရွက်ပေးရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် အသင်းအဖွဲ့များက စနစ်တကျ စီမံဆောင်ရွက်ပေးရေး၊ အမျိုးသမီးများဘဝလုံခြုံရေး၊ လူကုန်ကူးမှုများမခံရ မရှိရစေရအောင် စည်းရုံးဆောင်ရွက်ရေးနှင့် ကာကွယ်တားဆီးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့သို့ ဆက်သွယ်၍ တင်ပြညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို အားရမိကြောင်း၊ ဆက်လက်၍ ကြိုးပမ်းပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် ကွမ်းလုံခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၂-၂၀၁၂ (သောကြာနေ့)

၅း၄၀	“ဘဝနေနည်းသုံးပါး”တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ)
၈း၅၅	နှလုံးသားတွေလှုပ်မယ့်ည Song Oo Hlaing One Man Show (Part-6)
၉း၃၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ လူကြမ်းမောင်လေး) (အပိုင်း-၄)
၁၁း၁၅	မင်္ဂလာဒုံမြို့နယ်အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၅း၀၀	ခေတ်မီသူတိုင်းရဲ့လက်တွဲဖော်
၅း၁၀	ရန်ကုန်မြင်ကွင်းကျယ် (Ran Speed Auto Centre ဖွင့်ပွဲအခမ်းအနား)
၆း၁၅	ရန်ကုန်မြင်ကွင်းကျယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စမ်းချောင်းမြို့နယ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ပဒေသာကပွဲနှင့် ဆုပေးပွဲ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်တေးသံရင်ခုန်သံ” (အပိုင်း-၂)**
၇း၂၅	Lasalle College of The Arts (Part-2)
၇း၄၅	Phoenix Music Band ၏တေးသံရှင်ရွေးချယ်ပွဲကြီး
၈း၄၅	Fashion Week (Euphoria) (Part-4)
၉း၂၀	The Shop Around The Corner (Part-30)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၇၉)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားဧကရီ” (အပိုင်း-၂၆)**
၁း၀၅	Intellectual Talk (လူထုကျန်းမာရေးအတွက် နိုင်ငံကြီးသားများ၏ အခန်းကဏ္ဍ) (ဒေါက်တာခင်မောင်လွင်၊ ကိုကိုလှိုင်)
၁း၄၅	World of Knowledge
၄း၁၅	ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းဘေးကျား

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကသာခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ကသာခရိုင် ကောလင်းမြို့နယ် ယားတောင်ကျေးရွာ၊ ခါတောကျေးရွာ၊ ငွေးထောက်တောကျေးရွာ၊ အောက်ကလုံးကျေးရွာတို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ရွှေတွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဥက္ကံကျေးရွာ မဟာဇေယျာသုခမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်အတွက် ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မူးဒိန်းကျေးရွာနှင့်ကြို့ပင်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကြို့ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပင်လည်ဘူးမြို့ အားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ မီးသတ်ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပင်လည်ဘူးမြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးပြီး ပင်လည်ဘူးမြို့ မူးမြစ်ကူးတံတားတည်ဆောက်မည့် နေရာ၊ မူးမြစ်ကမ်း မြေထိန်းနံရံတည်ဆောက်မည့်နေရာနှင့် ဆင်ကုန်း-ပင်လည်ဘူး-ကောလင်းလမ်း၏ လမ်းပခုံးသား ချဲ့ထွင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်းသိုမြို့နယ် ဝက်တူးကျေးရွာ၊ လေးရွာကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးရွာများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်အတွက် ဂျာနယ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ဝန်းသိုမြို့နယ် ပိန္နဲကုန်းကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဝန်းသိုမြို့နယ် နားမော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်လှစ်ပွဲသို့ တက်ရောက်အားပေးပြီး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်တန်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ဗန်းမောက်မြို့နယ် စက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ကုံကော်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဗန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ မြို့နယ်အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းတော်မြို့နယ် မြသီတာကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အင်းတော်-ဗန်းမောက်လမ်းအား လမ်းပခုံးသား တိုးချဲ့နေမှု၊ ကသာ-အင်းတော်-မန်စီလမ်း မိုင်တိုင်အမှတ်(၃၁-၁/၂) အကြားရှိ တံတားအမှတ်(၄/၃) ဆောက်လုပ်နေမှုနှင့် အင်းတော်-ဗန်းမောက်လမ်း ကတ္တရာလမ်း ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးကာ ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ထီးချိုင့်မြို့နယ်၏ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

... လွှတ်တန်းပြိုင်ပွဲ ... ကျင်းပ

... မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ... ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ... သာ လမ်းထောင့်ရှိ သိမ်ဖြူအားကစား ... အောင်က ပြိုင်ပွဲ၌ နှစ်သိမ့်ဆုရရှိသော ... သည်။

... ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့် ...

... က တတိယဆုရရှိသော လင်းနိုင်ဦး ... ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ... (လယ်/ဆည်)အား ဆုကို ပေးအပ် ...

... ရက်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ ... သည်။ (သတင်းစဉ်)

ယာဉ်မတော်တဆမှု ပပျောက်ရေး ရှောင်တခင်စစ်ဆေး

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်(ဒုတိယညွှန်ကြားရေးမှူး)ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက်က ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့် ယာဉ်များအား ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(ယာပုံ)**

(ကညန)

ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ စီးရမည်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ NSI Company မှ အမှုဆောင်အရာရှိနှင့် ဥက္ကဋ္ဌ Dr. Mitsuaki Sugie နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး NSI Company မှ ထုတ်လုပ်သော NANO-1 System ရေညှိသန့်စင်စက်ဖြင့် အင်းလေးကန်ကြမ်းပြင်တွင် ရေဆိုးများအား သန့်စင်သောလုပ်ငန်းနှင့် စွန့်ပစ်ပစ္စည်းများအား NANO System ဖြင့် သန့်စင်ရေးလုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးပညာဘွဲ့ရ ၂၀၀ ကျော်တို့ ကျန်းမာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ စာတမ်းဖတ်ပွဲ တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်လာသလို သုတေသနစာတမ်းတွေလည်း အဆင့်မြင့်လာ

သတင်းဆောင်းပါး
ဖြိုးငင်(ကြေးမုံ)

ဓာတ်ပုံ-ငွေအောင်(ကြေးမုံ)

ပြည်သူလူထုအား အကျိုးပြုစေမည့် အရည်အသွေးကောင်းမွန်သော တိုင်းရင်းဆေးသုတေသနလုပ်ငန်းများပေါ်ထွက်လာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးဆောင်ကျင်းပသည့် တတိယအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ ကျင်းပရာ ကြေးမုံသတင်းအဖွဲ့က တိုင်းရင်းဆေးပညာရှင်များအား တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးဝင်းမြင့်
ညွှန်ကြားရေးမှူး

ဒေါ်သီတာဆွေ
ဒုတိယညွှန်ကြားရေးမှူး

ဦးသံချောင်း
ဒုတိယဆေးရုံအုပ်

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် ကျင်းပသော တတိယအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံလာပြီး ယခုနှစ်တွင် တိုင်းရင်းဆေးအရောင်းပြခန်းများကိုလည်း ခင်းကျင်းပြသရောင်းချနေသည်ကို တွေ့ရသည်။

တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာလည်း ကျန်းမာရေးကဏ္ဍ မြင့်တင်မှု၏ ပြယုဂ်အဖြစ် ခံ့ညားထည်ဝါလျက်ရှိနေသည်။

"ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု မြင့်တင်ရာမှာ အနောက်တိုင်းဆေးဝါးသာမက မြန်မာ့တိုင်းရင်းဆေးဝါးနဲ့ပါ စောင့်ရှောက်မှုပေးနိုင်ဖို့၊ မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့နေရာမှာ ဒီတိုင်းရင်းဆေးတက္ကသိုလ်ကြီးက မွေးထုတ်ပေးလိုက်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကလည်း တစ်ခန်း တစ်ကဏ္ဍက ပါဝင်ပါတယ်။ ယနေ့အထိ တိုင်းရင်းဆေးပညာဘွဲ့ရ ၈၀၀ ကျော် မွေးထုတ်ပေးခဲ့တဲ့အနက်က ၂၀၀ ကျော်ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းဆေးကုဌာနဆေးခန်းတွေမှာ ကျန်းမာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေပါတယ်" ဟု တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဝထွန်းက တိုင်းရင်းဆေးတက္ကသိုလ်မှ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှုကို ပြောကြားသည်။

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ တိုင်းဆေးပညာဦးစီးဌာန (သုတေသန/ဖွံ့ဖြိုးရေး)မှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကလည်း "စာတမ်းဖတ်ပွဲကြီးဟာ တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်လာသလို သုတေသနစာတမ်းတွေကလည်း အဆင့်မြင့်လာပါတယ်။ တက္ကသိုလ်ပေါင်းစုံက တိုင်းရင်းဆေးနဲ့ဆိုင်တဲ့ ပါရဂူဘွဲ့၊ မဟာဘွဲ့စာတမ်းတွေ၊ တိုင်းရင်းဆေးပညာရှင်တွေရဲ့ စာတမ်းတွေ တစ်နည်းအားဖြင့် အခြေခံသိပ္ပံ၊ ဆေးသိပ္ပံနဲ့ တိုင်းရင်းဆေးပညာရှုထောင့်က သုတေသနတွေ့ရှိချက်တွေ ဖလှယ်ခွင့်၊ မှတ်သားခွင့်ရတာဟာ ပြည်သူလူထုကို တိုင်းရင်းဆေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ အကျိုးကျေးဇူးတွေ တိုးပွားရရှိစေပါတယ်"ဟု ဖြည့်စွက်ပြောကြားသည်။

စာတမ်းများကို လေ့လာခဲ့ရာတွင် စာတမ်းရှင် ဦးသံချောင်း (ဒုတိယဆေးရုံအုပ်၊ မန္တလေးသင်ကြားရေး တိုင်းရင်းဆေးရုံ)၏ "၂၀၀၉ ခုနှစ်အတွင်း မန္တလေးသင်ကြားရေးတိုင်းရင်းဆေးရုံကြီး အနာပေါက် ကုသရေးဌာနမှ အနာပေါက်ရောဂါများကို လေ့လာခြင်း"စာတမ်းတွင် မန္တလေးတိုင်းရင်းဆေးရုံကြီးမှာ ၁၉၉၇ ခုနှစ်က စပြီး အနာပေါက်အထူးကုဌာနကို စတင်ဖွင့်လှစ်ပြီး တက်ရောက်ကုသခဲ့တဲ့ အနာပေါက်ဝေဒနာရှင်များကို ၂၀၀၉ ခုနှစ် တစ်နှစ်တာအတွင်း သုတေသနပြုခဲ့ရာမှာ အနာပေါက်ရောဂါဝေဒနာရှင် ၂၂၂ ဦး တက်ရောက်ကုသပြီးတော့ အနာပေါက် အမျိုးအစား ၁၉ မျိုး တွေ့ရှိရကြောင်း၊ ကုသပျောက်ကင်းမှု ရာခိုင်နှုန်း ၆၀ ကျော်မှာ လိပ်ခေါင်းရောဂါ၊ ဂရင်ဂျီနာရောဂါနှင့် အနာပဆုပ်ရောဂါတို့ ဖြစ်ကြောင်း၊ ကုသပျောက်ကင်းမှု အနည်းဆုံး အနာပေါက်ရောဂါများမှာ ဦးခေါင်း၌ဖြစ်သော ရောဂါများနှင့် နား၊ နှာခေါင်းရောဂါများ ဖြစ်ကြောင်း၊ အများအားဖြင့် အနောက်တိုင်းဆေးဝါးဖြင့် ကုသ၍မရမှ လာရောက်ကုသခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိချက်ကို တင်ပြထားသည်။

စာတမ်းရှင် ဦးကျော်ဝင်းမောင်(လ/ထ သုတေသနအရာရှိ၊ သစ်တောသုတေသနဌာန၊ သစ်တောတက္ကသိုလ်၊ ရေဆင်း)၏ "စန္ဒကူးသစ်နှင့် အိန္ဒိယနံ့သာဖြူသစ်၏ ပြင်ပရုပ်သွင်နှင့် သစ်သားဖွဲ့စည်းတည်ဆောက်မှု လက္ခဏာများအား နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းတွင် တိုင်းရင်းဆေးတွင် အသုံးများသော သစ်ပင်များ၏ အသုံးနှင့် အမျိုးအမည်များ ခွဲခြားလေ့လာသုတေသနပြုခဲ့ရာမှာ ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးကောင်း၊ ဈေးကွက်ဝင်လျက်ရှိသော အိန္ဒိယနံ့သာဖြူသစ်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးပေါက်ရောက်သော စန္ဒကူးသစ်နှင့် အမျိုးအစားတူ၊ တိုင်းရင်းဆေးတွင် အသုံးတူကြောင်း ၎င်း၏သုတေသနတွေ့ရှိချက်များကို ဖော်ထုတ်တင်ပြသွားသည်။

ပိုစတာရှင် ဒေါ်သီတာဆွေ(ဒုညွှန်မှူး၊ ဓာတ်ခွဲခန်းနှင့် သုတေသနဌာနစိတ်၊

ဒေါက်တာခိုင်ကြည်ဦး
ကထိက

တိုင်းရင်းဆေးပညာဦးစီးဌာန)၏ "တိုင်းရင်းဆေးဝါးများကို ညစ်ညမ်းစေသည့် အင်းဆက်ပိုးမွှားများ ပါဝင်မှုကို စမ်းသပ်ဖော်ထုတ်ခြင်း" ပိုစတာတွင် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေးသည် ပါဝင်ဖော်စပ်သော ဆေးပစ္စည်းများ၏ သန့်ရှင်းစင်ကြယ်မှုပေါ်တွင် မူတည်ကြောင်း၊ တိုင်းရင်းဆေးမှတ်ပုံတင်လျှောက်ထားလာသည့် ဆေးဝါး ၂၀၉၃ မျိုးတွင် ဆေးဝါးရှစ်မျိုး၌ အင်းဆက်ပိုးကောင်များ ဓာတ်ခွဲစိစစ်တွေ့ရှိခဲ့ကြောင်း၊ အများစုမှာဆေးမှုန့်အမျိုးအစားများတွင် ဖြစ်ကြောင်း၊ မလိုလားအပ်သောအန္တရာယ်များ ဖြစ်ပွားနိုင်သည့်အတွက် ထုတ်လုပ်သူများအနေဖြင့် ပိုးမွှားကင်းရှင်းရန် ပိုမိုဂရုစိုက်ထုတ်လုပ်သင့်ကြောင်း သုတေသနတွေ့ရှိချက်များကို တင်ပြထားသည်။

ဦးဝင်းထိန်ကျော်၏ "အဆိပ်အာနိသင်ရှိ ဆေးဖက်ဝင်အပင်များ" ပိုစတာတွင် ရောဂါကုသသည့် ဆေးပင်ဖြစ်စေကာမူ အတိုင်းအဆ ပမာဏ အတိအကျ အသုံးမပြုပါက အဆိပ်အတောက်ဖြစ်စေနိုင်ပြီး အဆိပ်ပင် ဖြစ်စေကာမူ ပမာဏအတိအကျ အသုံးပြုပါက ဆေးဝါးအဖြစ် အသုံးပြုနိုင်ကြောင်း၊

ဦးဝင်းထိန်ကျော်
ပိုစတာရှင်

အဆိပ်အာနိသင်ရှိ ဆေးပင်များအား သုတေသနပြု၍ဆေးဝါးအဖြစ် ဖော်ထုတ်နိုင်ရန်နှင့် မျိုးသုဉ်းပျောက်ကွယ်မသွားစေရေး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လေ့လာဖော်ပြထားသည်။

ဦးဝထွန်း
ဒုတိယပါမောက္ခချုပ်

စာတမ်းရှင် ဒေါက်တာခိုင်ကြည်ဦး (ကထိက၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ "ဆေးဖက်ဝင် မြန်မာ့သဘာဝလင်ဇီးမှိုများကို လေ့လာစမ်းသပ်ခြင်း" စာတမ်းတွင် မြန်မာနိုင်ငံအတွင်းရှိ သဘာဝအလျောက် ပေါက်ရောက်နေသော မြန်မာ့လင်ဇီးမှိုအား ဓာတုဗေဒရှုထောင့်မှ ပါဝင်သော ဒြပ်ပေါင်းများကို လေ့လာသုတေသနပြုခဲ့ရာ Provitamin D_2 သည် မြန်မာ့တိုင်းရင်းဆေးဓာတ်စာအဖြစ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိချက်ကို တင်ပြထားသည်။ ။

ဦးကျော်ဝင်းမောင်
လ/ထ သုတေသနအရာရှိ

ပုသိမ်ကြီးမြို့နယ် သမ္မာတော ဂွေ့ကြီးကုန်း၌ ဆေးလိပ်သောက်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္မာတော ဂွေ့ကြီးကုန်းကျေးရွာ၌ ယနေ့နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၄၃ လုံး မီးသင့်ခံရသည်။ ဦးဝင်းအောင်၏ နေအိမ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး ဆေးလိပ်သောက်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးဗဟိုမီးသတ်မှတပ်ဖွဲ့ဝင် ၄၃ ဦး၊ မြို့နယ်များအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၉၈ ဦးနှင့် မီးသတ်ကား ၄၃ စီးဖြင့် ငြိမ်းသတ်ကြရာ**(ယာပုံ)** မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၄၃ လုံး၊ အိမ်ထောင်စု ၅၃ စု၊ လူဦးရေ ၂၁၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ အဆိုပါ မီးဘေးသင့်ပြည်သူများအား ပုသိမ်ကြီးမြို့နယ်ရှိ အနန္တဂုဏ်ရည် မဇ္ဈိမဂုဏ်ရည်ဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်းတွင် မီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။ မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည့်အိမ်မှ လေဖြတ်ပြီးအောက်ပိုင်းသေနေသူ ဦးဝင်းအောင်သည် အဆိုပါမီးလောင်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး (ပ)၃၈/၂၀၁၂ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားသည်။

(၀၀၂)

ဆိုင်ကယ်နှင့် နွားလှည်းတိုက်မိ၍ တစ်ဦးသေဆုံး

ဖြူး ဖေဖော်ဝါရီ ၂၃

ဖြူးမြို့နယ် ဇီးခုန်ကျေးရွာအုပ်စု ဇီးခုန်ရွာ ဖြူး/အုတ်ဖြတ်ကားလမ်း မိုင်တိုင်အမှတ် (၄/၆) နှင့် (၄/၇) ကြား ဇီးခုန်ရွာဘုန်းတော်ကြီးကျောင်းအနီး ကားလမ်းပေါ်တွင် ဖြူးမြို့မှ လယ်ပြင်ကြီးကျေးရွာအုပ်စု ကီးလားအရှေ့ရွာသို့ ဘိလပ်မြေအိတ်များ တင်ဆောင်၍ ဂိုဘင်ဒါ(၂၀)နှစ် မောင်းနှင်လာသော နွားလှည်းကို ကျားသောင်ကျေးရွာအုပ်စု ကျွန်းပေါ်ရွာနေ မောင်ချမ်းသာ (၂၆)နှစ် မောင်းနှင်၍ ကျားသောင်ရွာနေ ကျော်သန်းဦး (၂၅)နှစ် နောက်မှစီးလာသော ဟွန်ဒါ (၁၁၀) ဆိုင်ကယ်က ဖြူးမြို့သို့ မောင်းနှင်လာစဉ် ရှေ့တည့်တည့်မှ ဝင်တိုက်မိပြီး နွားလှည်းအောက်သို့ ဆိုင်ကယ်ရောက်ရှိ တိမ်းမှောက်သွားသည်။

ဆိုင်ကယ်မှာ အရှိန်ဖြင့် နွားလှည်းအောက် ဝင်ရောက်တိမ်းမှောက်သွားသဖြင့် ဆိုင်ကယ်မောင်းသူ မောင်ချမ်းသာမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် နေရာတွင်ပင် သေဆုံးသွားသည်။ နောက်မှ လိုက်ပါစီးသူ ကျော်သန်းဦးမှာ မျက်လုံးဖူးရောင် ဒဏ်ရာနှင့် နဖူးအလယ်ဖူးရောင်ပြင်းထန်ဒဏ်ရာရရှိပြီး ဆိုင်ကယ်မှာ ရှေ့ပိုင်းကျိုးကြေပျက်စီးသွားသည်။ အမှုကို ဖြူးရဲစခန်းမှ (ပ) ၄၆/၂၀၁၂၊ ပုဒ်မ-၃၀၄၊ က/၃၃၈ ဖြင့် အမှုဖွင့် စစ်ဆေးအရေးယူထားကြောင်း သိရသည်။

(၁၉၀)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

လူမှုဖူလုံရေးဥပဒေမူကြမ်းအားရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့တင်ပြဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၃၇)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၅-၂-၂၀၁၂ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၏ ဆုံးဖြတ်ချက်အရ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်အစား တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ကိုကိုအား အစားထိုးတာဝန်ပေးအပ်ထားပါကြောင်း ပြည်သူ့လွှတ်တော်က တင်ပြလာခြင်းကို လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးသန့်ဇင်အစား ဗိုလ်မှူးကြီးမြင့်ကိုကိုအား ကော်မတီဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **"ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းတင်သွင်းရာ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများ၏ ရသုံးမှန်းခြေ အကောင်အထည်ဖော်မှုနှင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် ငွေရေးကြေးရေး ဆောင်ရွက်ချက်များကို စိစစ်အတည်ပြုနိုင်ရန်အတွက် လက်ရှိဘဏ္ဍာရေးနှစ်၏ (၆)လတစ်ကြိမ် ဘဏ္ဍာရေးစာရင်းစစ်ဆေးချက်အစီရင်ခံစာနှင့် ယခင်ဘဏ္ဍာရေးနှစ်၏ ပုံမှန်စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို စာရင်းစစ်ချုပ်ရုံးမှ နှစ်စဉ် ဒီဇင်ဘာလတွင်လည်းကောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် စာရင်းစစ်ချက်အစီရင်ခံစာကို နှစ်စဉ် ဇန်နဝါရီလတွင်လည်းကောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းကို နှစ်စဉ် ဖေဖော်ဝါရီလတွင် လည်းကောင်း အထောက်အထား ရှင်းလင်းချက်ပြည့်စုံစွာဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို ဆွေးနွေးခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို တင်ပြလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းများအဖြစ် ရေးဆွဲခဲ့ပြီး ဘတ်ဂျက်အကောင်အထည်ဖော်မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ စတင်ဖွဲ့စည်းသည့်ကာလဖြစ်ပါ၍ ဘတ်ဂျက်၏ ပထမ(၆)လ ဧပြီလမှ စက်တင်ဘာလကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဒုတိယ(၆)လ အောက်တိုဘာလမှ မတ်လကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများအဖြစ် ခွဲခြား၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုရန် တင်ပြတောင်းခံထားသည့် သာမန်အသုံးစရိတ် တောင်းခံငွေများအနက် အများစုမှာ နိုင်ငံတော်အဖွဲ့အစည်းများအချင်းချင်းပေးချေရမည့် ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများနှင့် အတိုးပေးရမည့် ငွေများဖြစ်သည့်အတွက် လက်ရှိဘဏ္ဍာရေးနှစ် မကုန်ဆုံးမီပေးချေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်တောင်းခံငွေများမှာ ယခင်အစိုးရလက်ထက်က ဆောင်ရွက်ပြီးခဲ့သည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ပြည်ထောင်စုလွှတ် တော် အစည်းအဝေး (၁၄) ရက်မြောက်နေ့သို့ တက် ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

အိန္ဒိယမြောက်ပိုင်း၌ ဆင်ကောင်ရေကို သိပ္ပံနည်းကျ စစ်တမ်းကောက်ယူမည်

နယူးဒေလီ ဖေဖော်ဝါရီ ၂၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်၌ ဆင်ကောင်ရေမည်မျှရှိသည်ကို သိရှိနိုင်ရန် သိပ္ပံနည်းကျ စစ်တမ်းတစ်ရပ် ကောက်ယူမည်ဖြစ်ကြောင်း ပြည်နယ်သစ်တောဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဥတ္တရာခန်းပြည်နယ် သစ်တောဌာနမှ ကျွမ်းကျင်သူပညာရှင်များနှင့်အတူ ဆင်ကောင်ရေကို စာရင်းကောက်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆင်ကောင်ရေ စာရင်းပြုစုရာ၌ "ဆင်ချေးအခြောက်များအား လေ့လာသောနည်းစနစ်" (Dung-decay method)ကို အသုံးပြုမည်ဖြစ်ကြောင်း သစ်တောထိန်းသိမ်းရေး မဟာမင်းကြီး အက်စ်ခါတီက ပြောကြားသည်။

အဆိုပါနည်းစနစ်သည် ဆင်ကောင်ရေကို ခန့်မှန်းရုံမျှမဟုတ်ဘဲ ကောင်ရေအတိအကျကို သိရှိနိုင်သော သိပ္ပံနည်းကျ နည်းစနစ်ဖြစ်သည်ဆို၏။

ဆင်ကောင်ရေကို သိပ္ပံနည်းကျစာရင်းကောက်ယူနိုင်ရန် ဦးစွာဆင်များက စွန့်ထုတ်ခဲ့သောချေးကို ဒစ်ဂျစ်တယ် ကင်မရာဖြင့် ရိုက်ကူးမည်ဖြစ်သည်။

ယင်းနောက်တွင် ယင်းဒစ်ဂျစ်တယ်ဓာတ်ပုံများကို သိပ္ပံပညာရှင်များက **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❁

ကျေးလက်ပြည်သူများ၏ ဆင်းရဲမှုပြဿနာများကို ဖြေရှင်းရန် သမဝါယမလုပ်ငန်းစုများနှင့် ထုတ်လုပ်သူအဖွဲ့အစည်းများက အဓိကပါဝင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၂ ခုနှစ်ကို နိုင်ငံတကာ သမဝါယမနှစ် (International year of Co-operatives) ဟု သတ်မှတ်ခဲ့ပြီး ထိုနှစ်အတွင်း အသိပညာပေးလှုပ်ရှားမှုများ၊ သမဝါယမ၏အနှစ်သာရနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို ထင်ဟပ်ပေါ်လွင်စေသင့်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သမဝါယမအသင်းစုပိုင် မောရွှေလီဟိုတယ်ခန်းမ၌ကျင်းပသည့် မန္တလေး၊ လားရှိုး၊ မူဆယ်ဒေသရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆွေးနွေးရာတွင် ထုတ်လုပ်သူအဖွဲ့အစည်းများ၊ ကျေးလက်ဒေသ မွေးမြူရေးနှင့် စိုက်ပျိုးရေးသမဝါယမအဖွဲ့များပူးပေါင်းကာ အစုအဖွဲ့လှုပ်ရှားမှု၊ စီးပွားရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❑

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မန္တလေး၊ လားရှိုး၊ မူဆယ်ဒေသရှိ လုပ်ငန်းရှင်များအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

ရေခဲခေတ်မှ အပင်မျိုးစိတ် ပန်းပွင့်များ ပြန်လည် ပွင့်အာလာ
နိုင်ငံတကာသတင်း စာမျက်နှာ ၄

တယ်ရီဆာဆနာအသင်း ဂိုးပြတ်နိုင်
အားကစားသတင်း စာမျက်နှာ ၅

စာရင်းအင်းအကျိုးဆက်
မပြောမပြီး မတီးမမြည်မှ စာမျက်နှာ ၆

မြန်မာနိုင်ငံ၏ ပထမဆုံး ရေခဲရုပ်တု ပြပွဲ
ပြည်တွင်းသတင်း စာမျက်နှာ ၈

ဂျက်စတင်ဘီဘာ၏ ဒုတိယမြောက် ဓာတ်ပုံ စာအုပ်ထွက်ရှိမည်
အနုပညာသတင်း စာမျက်နှာ ၃